ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ သောကြာနေ့ (11-10-2013) (၇၆၃၀)



# မြန်မာနိုင်ငံသို့ အာဆီယံဥက္ကဋ္ဌရာထူး လွှဲပြောင်းပေးအပ် အာဆီယံအဖွဲ့ကြီး ခိုင်မာတိုးတက်ရေး ဆောင်ရွက်သွားမည်

## အာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာထမ်းဆောင်နိုင်မည်ဟု ယုံကြည်

ဘန်ဒါဆရီဘီဂါဝန် အောက်တိုဘာ ၁၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် (၂၃)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲအခမ်းအနားနှင့် မြန်မာနိုင်ငံသို့ အာဆီယံဥက္ကဋ္ဌရာထူးလွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်သည်။**

အဆိုပါ အခမ်းအနားသို့ အာဆီယံနိုင်ငံခေါင်းဆောင်များ၊ ဝန်ကြီးများ၊ ဖိတ်ကြားထားသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်ဆူလ်တန် ဟာဂျီ ဟာဆာနာလ်ဘိုကီးယားမူအစ်ဇာဒင်ဝါဒိုလာက မိန့်ခွန်းပြောကြားပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အာဆီယံဥက္ကဋ္ဌ ရာထူးကိုလွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော် သမ္မတ**(အောက်ပုံ)**က မိန့်ခွန်းပြောကြားရာတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်အတွင်းတွင် အာဆီယံအဖွဲ့ကြီးကို အောင်မြင်စွာ ဦးဆောင်နိုင်သည့်အတွက် အဆွေတော်ဘုရင်မင်းမြတ်၊ ဘရူနိုင်းနိုင်ငံအစိုးရနှင့် ပြည်သူများကို ချီးကျူးပါကြောင်း၊ အာဆီယံ၏ ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည့် ပြည်သူဗဟိုပြု အာဆီယံဖြစ်မြောက်ရေး ( People Centred ASEAN) အတွက် ဘရူနိုင်းနိုင်ငံက သိသာထင်ရှားစွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတကာဆက်ဆံရေးမျက်နှာစာတွင်လည်း အာဆီယံဥက္ကဋ္ဌအနေဖြင့် အာဆီယံနှင့် အခြားနိုင်ငံများနှင့်ဆက်ဆံရေးကို ပိုမိုခိုင်မြဲအောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် တစ်ချိန်တည်း၌ပင် အာဆီယံ၏ဗဟိုအချက်အချာကျမှု (ASEAN 's Centrality )ကိုလည်း ထိန်းသိမ်းနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်းဆီသို့ လျှောက်လှမ်းရာတွင် **စာမျက်နှာ ၉ ကော်လံ ၅ သို့** ☆

### အာဆီယံဥက္ကဋ္ဌရာထူး လွှဲပြောင်းပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာက အာဆီယံဥက္ကဋ္ဌရာထူး လွှဲပြောင်းပေးအပ်စဉ်။**
(သတင်းစဉ်)





ကြေးမုံစာတည်းရှုထောင့် ၁၁-၁၀-၂၀၁၃၊ သောကြာနေ့

# လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှု

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် ပညာရေးဖွံ့ဖြိုးမှုသည် အခရာဖြစ်သည်။ ခေတ်အဆက်ဆက် ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုး တိုးတက်မှုများအပေါ် ယင်းနိုင်ငံ၏ ပညာရေးဖွံ့ဖြိုးမှု အနိမ့်အမြင့်က အဆုံးအဖြတ်ပြုခဲ့ကြောင်း သမိုင်းကသက်သေခံပြီးဖြစ်သည်။

မိမိတို့နိုင်ငံ သူ့ကျွန်ဘဝနှစ်ပေါင်းများစွာကျရောက်ခဲ့ရသည်။ မျိုးချစ်စိတ်မရှိ၍ မဟုတ်။ သတ္တိအရာအားနည်း၍ မဟုတ်။ နည်းပညာအားနည်းမှုကြောင့် အချိန်တိုအတွင်းမှာ တစ်နိုင်ငံလုံးလွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်း။ ပညာအခရာ၏ လက်တွေ့သာဓကတစ်ခုဖြစ်သည်။

ယခု မိမိတို့နိုင်ငံသည် ပွင့်လင်းလူ့အဖွဲ့အစည်းနှင့်အတူ လိုက်လျောညီထွေ ပညာရေး၊ တစ်နည်းလက်တွေ့ကျသော ပညာရေးကိုအကောင်အထည်ဖော်ပြုပြင်ပြောင်းလဲမှုပြုလုပ်ဖို့ ကြိုးစားလာကြရပြီ။ ခေတ်အဆက်ဆက်မှာလည်း ပညာရေးနယ်ပယ်မှာပြုပြင်ပြောင်းလဲမှုများရှိခဲ့ဖူးပါသည်။ "မြေစမ်းခရမ်းပျိုး" နှင့် နောက်ဆုံးမှာ မြေဆီလည်းခန်း ပန်းလည်းနွမ်းခဲ့သော အခြေအနေမှ ကျော်လွှားလွန်မြောက်ရန် ရောင်နီသန်းစပြုလာသည်။

ယခုဦးတည်ကြိုးစားလာနေသည့် လက်တွေ့ကျသော ပညာရေးတွင်လည်း ဖြတ်သန်းလာခဲ့သော ပညာရေးသမိုင်းကြောင်းမှ သင်ခန်းစာများကို ရယူပြီး ပြုပြင်ပြောင်းလဲမှုကို တည်ဆောက်ရယူနိုင်ကြမည်ဖြစ်ပါသည်။

ပညာရေးပြုပြင်ပြောင်းလဲမှုတွင် "မူ"ကိုလည်း ပြင်နိုင်ပါမှ၊ ထိုနည်းတူ ပညာရေးဖွံ့ဖြိုးမှုကို လက်တွေ့အကောင်အထည်ဖော်ဆောင်နေကြသော ဆရာများ၏ အရည်အချင်းနှင့် အရည်အသွေးကိုမြှင့်တင်နိုင်ပါမှ ဟန်ချက်ညီသော လက်တွေ့ကျသည့် ပညာရေးပြုပြင်ပြောင်းလဲမှုကို အကောင်အထည်ဖော်ဆောင်လာနိုင်ပါလိမ့်မည်။ လူနှင့်မူ တစ်ဖက်ဖက်တွင် ချို့ယွင်းမှု၊ အားနည်းမှုရှိအောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

'မူ'ချမှတ်ရန်မှာ သက်ဆိုင်ရာတို့၏ အခန်းကဏ္ဍဖြစ်သော်လည်း 'လူ'ကို အရည်အသွေးမြှင့်တင်ရာတွင် ဆရာကောင်းတစ်ဦး၏အခြေခံ ဆရာစိတ်အခံရှိဖို့အထူးလိုအပ်ပါသည်။ ဆရာစိတ်မရှိဘဲ ဆရာနယ်ပယ်ထဲ ဝင်ရောက်လာပါက ထိုထိုသောအဝန်းအဝိုင်းအတွက် မှန်းချက်နှင့်နှမ်းထွက် မကိုက်ဖြစ်ကာ 'ခုတ်ရာတခြား ရှရာတလွဲ'နှင့် ဆုံးရှုံးမှုသာ အဖတ်တင်ပါလိမ့်မည်။ ဤဆုံးရှုံးမှုသည် အစားထိုးမရနိုင်သော မျိုးဆက်တစ်ဆက်ကို ဆုံးရှုံးနစ်နာမှုဖြစ်စေနိုင်ပါသည်။

ဆရာစိတ်ဟူသည် ဆရာတစ်ဦးအတွက် မရှိမဖြစ်သောဗီဇစိတ်ဖြစ်သည်။ အမေရိကန်ဖော်လ်တီမိုးအရပ် စတိတ်ကျောင်းတစ်ကျောင်းမှ ကလေး ၂၀၀ ကို တက္ကသိုလ်ကျောင်းသားများ စစ်တမ်းကောက်ယူသုတေသနပြုကြသည်။ ထိုကလေး ၂၀၀ ၏ အနာဂတ်ကို မှတ်ချက်ပေးကြရာတွင် အားလုံးတူညီနေကြသည်။ ဤကလေးများအားလုံး လူဆိုးလူမိုက်များ ဖြစ်ကြလိမ့်မည်ဟူ၏။

သို့သော် သူတို့အားလုံးနီးပါး ဆရာ၊ တရားသူကြီး၊ စစ်ဗိုလ် စသည်ဖြင့် လူကြီး လူကောင်းများဖြစ်လာကြသည်။ ထိုသို့ဖြစ်ထွန်းလာအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူမှာ "ဆရာမ"တစ်ဦးတည်းသာ။ ဤဆိုးသွမ်းသောကလေးများကို လူတော်လူကောင်း များဖြစ်အောင် မည်ကဲ့သို့ဆုံးမသွန်သင်ခဲ့ပါသနည်း။ အမေးစကားကို ထိုဆရာမက လိုရင်းတိုရှင်း တစ်ခွန်းပဲဖြေသည်။ "ကျွန်မ ကလေးတွေကို ချစ်တယ်"ဟူ၍ ဖြစ်သည်။

ဆရာစိတ်က ဆင်းသက်လာသော အဖြေစကားဖြစ်ပါသည်။ ကလေးများအပေါ် ဆူကြုံ နိမ့်မြင့် ကျောသားရင်သားမခွဲခြားဘဲ တစ်ပြေးညီ ချစ်ခြင်းမေတ္တာဖြန့်ကြက်နိုင်မည့် ဆရာစိတ်ဖြင့်သာ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုကို အရှိန်အဟုန်မြှင့်တင်နိုင်မည် အမှန်ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရခိုင်ဇုန်)နှင့် ငပလီဟိုတယ်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၁၀

**နိုင်ငံတော်သမ္မတ၏ ငပလီခရီးစဉ်အတွင်း လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ရန်အတွက် ငပလီဟိုတယ်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် Signature Garden Restaurant ၌ ကျင်းပသည်။**

တွေ့ဆုံပွဲတွင် ရခိုင်ဇုန်ဟိုတယ်လုပ်ငန်းရှင်ဥက္ကဋ္ဌ ဦးအောင်မျိုးမင်းဒင်၊ ဒု-ဥက္ကဋ္ဌ ဦးသန်းဦး၊ အတွင်းရေးမှူး ဒေါ်ဥမ္မာခင်နှင့် ငပလီဟိုတယ်လုပ်ငန်းရှင်များ စုံစုံလင်လင် တက်ရောက်ခဲ့ကြကာ အစည်းအဝေးတွင် ရခိုင်ဇုန်ငပလီကမ်းခြေ သန့်ရှင်းသာယာလှပမှုရှိစေရန် အမှိုက်သိမ်းကားနှစ်စီးကို ရခိုင်ဇုန် ငပလီဟိုတယ်လုပ်ငန်းရှင်များက ဝယ်ယူလှူဒါန်းကြမည်ဖြစ်ပြီး လုပ်ငန်းကိုအလွယ်တကူ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မြို့နယ်စည်ပင်သာယာအတွက် ဝန်ထမ်းအင်အား ၁၀ ဦးနှင့်တကွ ယင်းအမှိုက်သိမ်းယာဉ်အတွက် လိုအပ်သောစက်သုံးဆီ၊ ထိုးဆီနှင့်ပြင်ဆင်စရိတ်များ အားလုံးကိုလည်း ဟိုတယ်လုပ်ငန်းရှင်များက ကျခံမည်ဖြစ်ကြောင်း သဘောတူဆုံးဖြတ်ခဲ့ကြသည်။

ထို့အပြင် ငပလီကမ်းခြေ သာယာလှပရေးနှင့် ဒေသအကျိုးပြု (Cooperate Social Respon-sibility)လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက်လည်း ဟိုတယ်အသီးသီးမှ မိမိတို့ဟိုတယ်သို့လာရောက်တည်းခိုသည့် ဧည့်သည်အရေအတွက်အလိုက် ဧည့်သည်တစ်ဦးလျှင် 1.5 USD စီ ထည့်ဝင်လှူဒါန်းကြရန်နှင့် ထိုလှူဒါန်းငွေကို ဒေသအကျိုးပြုလုပ်ငန်းများအတွက် ရန်ပုံငွေအဖြစ် ထားရှိမည်ဖြစ်ပြီး လိုအပ်သည့်နေရာများတွင် လှူဒါန်းသွားမည်ဖြစ်သည်။

ယင်းနောက် ငပလီကမ်းခြေဒေသ၏ Development Master Plan ရေးဆွဲရေးနှင့်ပတ်သက်ပြီး တိုင်ပင်ဆွေးနွေးခဲ့ကြသည်။ ယင်း Master Plan ရေးဆွဲရာတွင် အဓိကအရေးကြီးအချက်များဖြစ်သည့် Responsible Tourism, Community Respon sibility, Social Impact နှင့် Environmental Impact တို့နှင့်ပတ်သက်ပြီး ဟိုတယ်လုပ်ငန်းရှင်များမှ တာဝန်ခွဲဝေယူကြကာ ပညာရှင်များနှင့်တိုင်ပင်ဆွေးနွေးကြမည်ဖြစ်ပြီး အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ငပလီကမ်းခြေရှိ Amazing Ngapali Resort ၌ စာတမ်းဖတ်ပွဲပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၀**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၈၇၀၀၀ | - | ၆၈၈၀၀၀ |
| မန္တလေး | ရွှေဈေး | ၆၈၆၈၀၀ | - | ၆၈၇၈၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၂၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၀၉၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၇၁. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၁၂. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၈. ၆၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၈၆၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၄. ၀၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၇၀၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၉၅. ၅၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၀. ၂၂၅ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၉၁၈. ၅၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၆. ၅၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၁-၁၀-၂၀၁၃ (သောကြာနေ့)

| | |
|---|---|
| ၅း၄၀ | "ဘယ်အိမ်မှာနေကြမလဲ" တရားတော် [အရှင်ပညာဝံသ (ရေတာရှည်ဆရာတော်)] |
| ၆း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျက်နှာဖုံးချစ်သူ" (အပိုင်း-၉၉) |
| ၇း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဆန္ဒနတ်သမီး" (အပိုင်း-၃၁) |
| ၈း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၈၀) |
| ၉း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းတရားနှင့်" (အပိုင်း-၈၀) |
| ၂း၄၀ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |









# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ဘန်ဒါဆရီဘီဂါဝန်မြို့အတွင်း လှည့်လည်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၀**

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ အထိမ်းအမှတ် အဆောက်အအုံ တစ်ခုဖြစ်သည့် The Royal Regalia Building သို့ သွားရောက်ကာ အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် ၁၉၆၈ ခုနှစ်က ဘရူနိုင်းဘုရင် နန်းတက်ပွဲကျင်းပစဉ် အသုံးပြုခဲ့သော တော်ဝင် အသုံးအဆောင်များပြခန်း၊ တော်ဝင်ပြခန်း၊ နန်းတက်ငွေရတုပြခန်းနှင့် ဘရူနိုင်းနိုင်ငံ၏ သမိုင်းနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ၏ ဇနီးသည် ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ စိုက်ပျိုးရေးနည်းပညာဥယျာဉ် (Agrotechnology Park)သို့ ရောက်ရှိပြီး ဥယျာဉ်အတွင်း ခေတ်မီနည်းပညာဖြင့် စိုက်ပျိုးပြသထားသည်များကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဥယျာဉ်အတွင်း၌ သုံးရောင်စပ်အပင် (Medisca Almond)ကို အမှတ်တရအဖြစ် စိုက်ပျိုးပေးပြီး Green House အတွင်း ဟင်းသီးဟင်းရွက်၊ သစ်ခွနှင့် ပန်းအလှပင်များစိုက်ပျိုးပြသထားမှုကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။**(ယာပုံ)**

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ဇနီးဒေါ်ခင်ခင်ဝင်းသည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၏ ဇနီးနှင့်အတူ ဘရူနိုင်းဘုရင့်နန်းတော်သို့ သွားရောက်၍ ဘုရင့်ကြင်ယာတော်အား ထပ်မံတွေ့ဆုံနှုတ်ဆက်ခဲ့သည်။

**(သတင်းစဉ်)**





# ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ-၂၀၁၃ ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးသန်းမြင့်၊ First National Insurance Public Co., Ltdမှ Managing Director ဦးအောင်ဆန်းနှင့် Dagon Exhibitions မှ ဒါရိုက်တာ ဦးအောင်အောင်တို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ပြပွဲတွင် ပြည်တွင်းပြည်ပမှ အိမ်တွင်းအလှဆင ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ ခေတ်မီပရိဘောဂပစ္စည်းများ၊ သန့်ရှင်းရေးနှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ အာမခံဝန်ဆောင်မှုလုပ်ငန်းများ၊ စက်မှုလက်မှု လုပ်ငန်းသုံးပစ္စည်းများ၊ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ စာရေးကိရိယာများ၊ ပြည်တွင်းပြည်ပမှ ဆေးဝါးများ၊ အလှကုန်နှင့်ဆက်စပ်ပစ္စည်းပြခန်းများ၊ အိမ်ရာအဆောက်အအုံအရောင်းပြခန်းနှင့် ပြည်သူများစိတ်ဝင်စားသော ကားအရောင်းပြခန်းများ ပြည်တွင်းပြည်ပကုမ္ပဏီ ၆၅ ခုမှ ပြခန်းပေါင်း ၁၂၀ ဖြင့် အောက်တိုဘာ ၁၀ရက်မှ ၁၃ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လစ်သူယေးနီးယား သမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လစ်သူယေးနီးယားသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူကြီးများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့ကို အခြေခံ၍ သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့်ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၈ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ထူထောင်သည့် ပူးတွဲကြေညာချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာ လစ်သူယေးနီးယားအမြဲတမ်းကိုယ်စားလှယ်တို့သည် ၂၀၁၃ခုနှစ် အောက်တိုဘာ ၈ ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှုတိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လစ်သူယေးနီးယားသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၁၅)နိုင်ငံမြောက် သံတမန်ဆက်ဆံရေးထူထောင်သည့် နိုင်ငံဖြစ်သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် စက်ရုံများလှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် အောက်တိုဘာ ၁၀ ရက်တွင် သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၄)အကြီးစားစက်ရုံ (သာဂရ)တွင် အကြီးစားဒီဇယ်အင်ဂျင်များဖြစ်သော 6V 128 ZC Engine, 8V 128 ZC Engine, 12V 128 ZC Engine, 16V 170 ZC Engine, Engine For Mini Excavator နှင့် Engine For 29 Ton Excavator များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂၆)အကြီးစားစက်ရုံ (သာဂရ)သို့ ရောက်ရှိပြီး စမ်းသပ်ထုတ်လုပ်ထားသည့် စပါးခွံလောင်စာ အသုံးပြုဇီဝဓာတ်ငွေ့ထုတ်လုပ်သည့် Gasifier ထုတ်လုပ်မှုနည်းစဉ် အဆင့်ဆင့်နှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက စက္ကူစက်ရုံ (ရေနီ) ပြန်လည်လည်ပတ်နိုင်ရေးအတွက် လက်ဝါးကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားလုံး၏ ကြိုးစားဆောင်ရွက်နေမှုကို အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း၊ စက်ရုံလည်ပတ်ရာတွင် Energy ကိစ္စသာမက ကုန်ကြမ်းရေရှည်ရရှိရေးအတွက်ပါ စဉ်းစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စက်ရုံများအနေဖြင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး Safety First သည် အရေးကြီးကြောင်း၊ လုပ်ငန်းရှင်နှင့် ဝန်ထမ်းများအကြား Industrial Relation ကောင်းမွန်မှသာ လုပ်ငန်းများ အဆင်ပြေအောင်မြင်မည်ဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် ဝန်ထမ်းများအပေါ် မိမိလုပ်ဖော်ကိုင်ဖက်များအဖြစ် သဘောထားဆောင်ရွက်ရန် မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများနေထိုင်သည့် ကံ့ကော်အိမ်ရာ တိုက်အမှတ် (၂၃၆)၊ ခရေအိမ်ရာ တိုက်အမှတ် (၁၃၂၊ ၁၃၃၊ ၁၃၄)နှင့် ဧက ၁၀၀၀ တိုက်အမှတ်(၁၃၂၂၊ ၁၃၂၇၊ ၁၃၆၈၊ ၁၃၇၀)တို့၌ သန့်ရှင်းသပ်ရပ်မှု၊ တိုက်ပတ်ဝန်းကျင်တွင် ရာသီသီးနှံပင်များ စိုက်ပျိုးထားရှိမှုတို့ကို ယနေ့ ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် အဖွဲ့သည် လိုက်လံကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** ဝန်ထမ်းမိသားစုများနှင့်တွေ့ဆုံ၍ လုံခြုံရေး၊ စည်းကမ်းစနစ်တကျနေထိုင်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးတို့ကို ပုံမှန်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

# အားအလွန်ကောင်းသောမုန်တိုင်း အဝါရောင်အဆင့်သာရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း ဖိုင်လင်း(PHAILIN)သည် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ရောက်ရှိခဲ့ပြီး ပုသိမ်မြို့၏အနောက်တောင်ဘက် ၂၆၅ မိုင်ခန့်၊ ကိုကိုးကျွန်းမြို့၏ အနောက်မြောက်ဘက် မိုင် ၁၉၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ဗဟိုချက်အနီးတွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၈၀ မှ ၉၀ အထိရှိနိုင်သည်။

ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

အားအလွန်ကောင်းသောဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံကမ်းခြေသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သော်လည်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ရှောင်ရှားရန် လိုအပ်ကြောင်း အကြံပြုအပ်ပါကြောင်းဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၀-၁၀-၂၀၁၃

ကော့သောင်း
၁ ဒသမ ၅၇ လက်မ

ကိုကိုးကျွန်း
၁ ဒသမ ၃၃ လက်မ

ဟသ်ာတ
၁ ဒသမ ၁၅ လက်မ

ခရမ်း
သုည ဒသမ ၇၉ လက်မ

ရန်ကုန်(မင်္ဂလာဒုံ)
သုည ဒသမ ၇၅ လက်မ

## မာလာလာယူဆွတ်ဇိုင်း ဆာခါရော့ဗ်ဆုဆွတ်ခူး



**ဘရပ်ဆဲလ် အောက်တိုဘာ ၁၀**

လူ့အခွင့်အရေး လှုပ်ရှားသူတစ်ဦးဖြစ်သည့် ပါကစ္စတန် ဆယ်ကျော်သက် ကျောင်းသူ မာလာလာယူဆွတ်ဇိုင်း(**၁၆နှစ်**) သည် ဥရောပသမဂ္ဂ နိုင်ငံများမှချီးမြှင့်သည့် လူ့အခွင့်အရေးလှုပ်ရှားမှုပြုသူများအား ချီးမြှင့်မည့် ဆာခါရော့ဗ်ဆုကို ဆွတ်ခူးရရှိကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။ မာလာလာသည် ပါကစ္စတန် တာလီဘန်အဖွဲ့ဝင်များ၏ သေနတ်ဖြင့်ပစ်ခတ်မှုကို ခံရသူတစ်ဦးလည်း ဖြစ်သည်။

အသက်၁၆နှစ်အရွယ်ရှိ မာလာလာသည် ယမန်နှစ်က အမျိုးသမီးများ ပညာသင်ယူခွင့် ရရှိရေးအတွက် လှုံ့ဆော်ကြိုးပမ်းခဲ့စဉ်၌ တာလီဘန်တို့၏ ပစ်ခတ်မှု ခံရသူဖြစ်သည်။

**ချီးမြှင့်**

ဥရောပပါလီမန်အနေဖြင့် ဆိုဗီယက်အစိုးရနှင့် သဘောထားခြင်းကွဲလွဲသူ ရူပဗေဒပညာရှင် ဆာခါရော့ဗ်အား ဂုဏ်ပြုချီးမြှင့်သည့် အဆိုပါဆုအား နှစ်စဉ်ချီးမြှင့်ပေးလေ့ရှိသည်။

အမေရိကန်နိုင်ငံသား အက်ဒဝပ် စနိုးဒမ်သည်လည်း ယင်းဆုအတွက် အမည်စာရင်း တင်သွင်းခံရသည်။ ဆာခါရော့ဗ်ဆုသည် ဥရောပသမဂ္ဂမှ ချီးမြှင့်မည့်ဆုတန်ဖိုး ယူရိုငွေ ၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၆၅၀၀၀)ရှိသည့် အမြင့်မားဆုံး ဆုတံဆိပ်တစ်ခုဖြစ်သည်။

**ဘီဘီစီ။**

## အီဂျစ်သို့ စစ်လက်နက်ပစ္စည်းများ ပေးပို့မှု အမေရိကန်အစိုးရက ဆိုင်းငံ့ထားရန် ဆုံးဖြတ်

ဝါရှင်တန် အောက်တိုဘာ ၁၀

**အမေရိကန်ပြည်ထောင်စုသည် အီဂျစ်နိုင်ငံသို့ စစ်လက်နက်ပစ္စည်းများပေးပို့မှုနှင့် ငွေကြေးအကူအညီပေးနေမှုတို့ကို ဆိုင်းငံ့ထားရန် ဆုံးဖြတ်လိုက်ကြောင်း၊ အီဂျစ်နိုင်ငံ၌ ဆန္ဒပြသူများနှင့် မွတ်စလင်ညီနောင်များအဖွဲ့တို့အပေါ် အစိုးရက အင်အားသုံးနှိမ်နင်းခဲ့မှု ပေါ်ပေါက်ခဲ့ပြီးနောက် အမေရိကန်အစိုးရက ယင်းသို့ အရေးယူတုံ့ပြန်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၁၀ရက်တွင် သတင်းထုတ်ပြန်သည်။**

အီဂျစ်နိုင်ငံ၌ ရက်သတ္တပတ်များစွာ ကြာအောင် သွေးထွက်သံယိုမှုများ ဖြစ်ပေါ်ခဲ့ခြင်းနှင့် ပတ်သက်၍ အမေရိကန်အစိုးရက စိုးရိမ်ပူပန်မှုများရှိနေပုံကို ယင်းနိုင်ငံရှိ အစိုးရအဖွဲ့အား သိရှိစေရန် အရေးယူတုံ့ပြန်ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အမေရိကန် ပြည်ထောင်စုသည် စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ပေးမှုနှင့်စစ်ရေးဆိုင်ရာငွေကြေး အထောက်အပံ့ အမေရိကန်ဒေါ်လာ သန်း ၂၆၀ ပေးနေမှုတို့ကို ဆိုင်းငံ့ထားလိုက်ကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

အီဂျစ်နိုင်ငံသို့ အပါချီရဟတ်ယာဉ်များ၊ အက်ဖ်-၁၆ဂျက်တိုက်လေယာဉ်များ၊ အမ် ၁ အေ ၁ အေဘရမ်သံချပ်ကာ ကား၏ စက်ပိုင်းဆိုင်ရာ အပိုပစ္စည်းများနှင့် ဟာပွန်းဒုံးကျည်များ ရောင်းချခြင်းတို့ကို ဆိုင်းငံ့ထားမည်ဖြစ်သည်။ **ရိုက်တာ။**



အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ ပြည်သူ့ရင်ပြင်အဝင်ဂိတ်အနီး ကြည်းတပ်တပ်ဖွဲ့ဝင်များ လုံခြုံရေးစောင့်ကြပ်လျက်ရှိစဉ်။



## ထိုင်းနိုင်ငံတွင် ရေလွှမ်းမိုးမှုဖြစ်ပွား ၃၄ ဦး သေဆုံး

**ဗန်ကောက် အောက်တိုဘာ ၁၀**

ထိုင်းနိုင်ငံတွင် ပြည်နယ်ပေါင်း ၇၇ ပြည်နယ်ရှိသည့်အနက် ၂၉ပြည်နယ်တွင် ရေလွှမ်းမိုးမှုများဖြစ်ပွားရာ သေဆုံးသူပေါင်း ၃၄ ဦးအထိ ရှိလာကြောင်း ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက အောက်တိုဘာ ၁၀ရက်တွင် ပြောကြားသည်။

ထိုင်းနိုင်ငံရှိ ခရိုင် ၁၆၆ခုတွင် ရေလွှမ်းမိုးမှုဒဏ် အများဆုံးခံကြရသည့် နေရာများမှာ ထိုင်းနိုင်ငံမြောက်ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့ဖြစ်ပြီး ယခုအချိန်အထိ ရေလွှမ်းမိုးမှုဒဏ် ခံစားနေကြရကြောင်း၊ ယင်းနေရာများမှ ပြည်သူ ၁ဒသမ ၇သန်းကျော် ရေဘေးဒုက္ခခံစားနေကြရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရေလွှမ်းမိုးမှုကြောင့် လူနေအိမ်ခြေ ၆၉၀၀လုံး၊ စိုက်ပျိုးမြေဧက ၄၅၀၀၀၀၊ လမ်းပေါင်း ၂၃၁၀နှင့် တံတား ၁၄၅ စင်း ပျက်စီးခဲ့ရကြောင်း သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် လျော့ပါးရေးဌာနက ပြောကြားသည်။

ထိုင်းနိုင်ငံတွင် စက်တင်ဘာလအလယ်လောက် ကတည်းကစ၍ မုတ်သုံရာသီကျရောက်ပြီး လေဖိအားနည်း ရပ်ဝန်းများ ဖြစ်ပေါ်ခဲ့သဖြင့် မိုးသည်းထန်စွာ ရွာသွန်းကာ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။ **ဆင်ဟွာ။**

## လစ်ဗျားဝန်ကြီးချုပ်ကို ပြည်သူ့စစ်များ ထိန်းသိမ်းထား

ထရီပိုလီ အောက်တိုဘာ ၁၀

**လစ်ဗျားနိုင်ငံ ထရီပိုလီမြို့တော်တွင် အစိုးရ၏မဟာမိတ်သူပုန်ဟောင်း ပြည်သူ့စစ်အဖွဲ့က ဝန်ကြီးချုပ် အလီဇီဒန်း(ယာပုံ)ကို ၎င်းနေထိုင်ရာဟိုတယ်မှ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြာသပတေးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။**



အစိုးရရှေ့နေများက ဖမ်းဝရမ်းထုတ်သဖြင့်ဝန်ကြီးချုပ်ကို ဖမ်းဆီးခြင်းဖြစ်ကြောင်း၊ ၎င်းပြည်သူ့စစ်အဖွဲ့က ပြောကြားသော်လည်း အစိုးရက မဟုတ်မမှန်ကြောင်း ငြင်းဆိုသည်။

ဝန်ကြီးချုပ်ကို ပြည်ထဲရေးဝန်ကြီးဌာန၌ ထိန်းသိမ်းထားရှိပြီး ကောင်းမွန်စွာဆက်ဆံကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမေရိကန်အထူးတပ်ဖွဲ့က ထရီပိုလီမြို့သို့ ချင်းနင်းဝင်ရောက်၍ အယ်လ်ခိုင်ဒါထိပ်တန်းခေါင်းဆောင်တစ်ဦးအဖြစ် သံသယရှိသူ အနာအဲလ်လီဘီကို ဖမ်းဆီးခေါ်ဆောင်သွားသည့်အတွက် လစ်ဗျားနိုင်ငံအတွင်း၌ မကျေနပ်မှုများ ပေါ်ပေါက်လာခဲ့သည်။

ယင်းသို့သောလုပ်ရပ်သည် လစ်ဗျားနိုင်ငံ၏ အချုပ်အခြာပိုင်ဆိုင်မှုကို ချိုးဖောက်ခြင်းဖြစ်သည်ဟု အများစုက ရှုမြင်ကြပြီး အစိုးရအဖွဲ့အနေဖြင့် မည်သို့ ပါဝင်ပတ်သက်နေသည်ကို ရှင်းလင်းပြောကြားရန် ဖိအားပေးမှုမှာ ကြီးမားလာလျက်ရှိသည်။

လီဘီကိုဖမ်းဆီးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းချက်ပေးရန် အမေရိကန်သံအမတ်ကြီးကို လစ်ဗျားအစိုးရက တနင်္လာနေ့တွင် တောင်းဆိုခဲ့သည်။

မွန်မာကဒါဖီကိုဖယ်ရှားပြီးနောက် နှစ်နှစ်ကြာသည့်တိုင် ပြိုင်ဘက်မျိုးနွယ်စု ပြည်သူ့စစ်များနှင့် အစွလာမ်စစ်သွေးကြွများကို ထိန်းချုပ်နိုင်ရေးအတွက် လစ်ဗျားအစိုးရမှာ ရုန်းကန်နေရဆဲဖြစ်သည်။

ထရီပိုလီတော်လှန်ရေးသမားများ၏စစ်ဆင်ရေးနှင့် ရာဇဝတ်မှုတိုက်ဖျက်ရေးကော်မတီဟု ယူဆရသော အုပ်စုတစ်စုက မည်သည့်အကြောင်းကြောင့်ဟု မသိရှိရဘဲ ဝန်ကြီးချုပ်ကို ဟိုတယ်တစ်လုံးမှ ဖော်ပြထားခြင်းမရှိသော နေရာတစ်ခုသို့ ခေါ်ဆောင်သွားကြောင်း အစိုးရက ၎င်း၏ ဝက်ဘ်ဆိုက်တွင် ကြေညာချက်ထုတ်ပြန်ထားသည်။ **ဘီဘီစီ။**










# ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း

## အပြည်ပြည်ဆိုင်ရာပါလီမန်များသမဂ္ဂ IPU ညီလာခံပိတ်ပွဲအခမ်းအနားသို့ တက်ရောက်



နေပြည်တော် အောက်တိုဘာ ၁၀

**ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် အောက်တိုဘာ ၉ ရက် နံနက် ၁၁ နာရီတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပလျက်ရှိသည့်(၁၂၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာပါလီမန်များသမဂ္ဂ (IPU)၏ တတိယနေ့အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ (ယာပုံ)**

ယင်းနောက် ညနေ ၄ နာရီတွင် အစည်းအဝေး ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ ညီလာခံဥက္ကဋ္ဌ H.E.Mr. Abdulwahad Radi က မိန့်ခွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံလွှတ်တော်ဥက္ကဋ္ဌ Hon.Ms.Meria Kumar(Speaker of Sabha)နှင့် CICG ဧည့်ခန်းမဆောင်၌လည်းကောင်း၊ ဂျီနီဗာအခြေစိုက် ကမ္ဘာ့စီးပွားရေးဖိုရမ်၊ အကြီးတန်းညွှန်ကြားရေးမှူး Mr. Sushent Palakurthi Rao နှင့် အဖွဲ့အားလည်းကောင်း တွေ့ဆုံခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် ဆွစ်ဇာလန်နိုင်ငံ၊ Speaker of the Council of States H.E. Mr.Filippo Lombardi ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးသွားရောက်ရန် ဂျီနီဗာမြို့မှ ညနေ ၆ နာရီတွင် ထွက်ခွာခဲ့ရာ ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့သို့ ည ၈ နာရီတွင် ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကေအိုင်အိုကိုယ်စားလှယ်အဖွဲ့တို့ နားလည်မှုနှင့် ယုံကြည်မှုများ ပိုမိုတည်ဆောက်နိုင်ခဲ့ပြီး သဘောတူညီချက်အသစ်များထပ်မံရရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကေအိုင်အိုကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ မနောကွင်းအနီးရှိ မဂ္ဂလာယ်ခန်းမ၌ တတိယနေ့အဖြစ် တွေ့ဆုံပြီး နှစ်ဖက်အဖွဲ့ သဘောတူညီမှုမရရှိသေးသည့် ကိစ္စရပ်များအား အပြီးသတ်တွေ့ဆုံညှိနှိုင်းအဖြေရှာဆောင်ရွက်ရာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက မေ ၃၀ ရက် သဘောတူညီချက်နောက်ပိုင်း နှစ်ဖက်ဖြစ်ပေါ်တိုးတက်မှုကိစ္စရပ်များ၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးကိစ္စရပ်များ၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကိစ္စရပ်များ၊ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များ၊ တိုက်ပွဲများ ဆက်လက်မဖြစ်ပွားရေး ကိစ္စရပ်များကို သဘောတူညီချက်ရရှိအောင် နှစ်ဖက်အဖွဲ့ ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့အတူ ပူးတွဲစောင့်ကြည့်ရေးကော်မတီဆိုင်ရာကိစ္စရပ်များကိုလည်း မူအားဖြင့် သဘောတူညီမှုရရှိခဲ့ပါကြောင်း၊ ထို့အပြင် IDPs ကိစ္စရပ်များကိုလည်း စီမံချက်နှင့်တကွ စနစ်တကျဆောင်ရွက်နိုင်ရန် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ဆွေးနွေးပွဲမှ နှစ်ဖက်အဖွဲ့ သဘောတူညီချက်များ တိုးတက်ရရှိအောင် အားလုံးက ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကေအိုင်အိုကိုယ်စားလှယ်ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်က ယခုအကြိမ်ဆွေးနွေးပွဲတွင် ကိစ္စရပ်တော်တော်များများကို နှစ်ဖက်အဖွဲ့သဘောတူညီမှု ရရှိအောင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ သဘောတူညီမှုမရရှိ၍ မပြီးပြတ်သေးသည့်ကိစ္စရပ်များနှင့် လိုအပ်သည်များကိုလည်း အဖြေရရှိအောင် တက်ရောက်လာကြသူအားလုံး က စိတ်ပါဝင်စားစွာ၊ စိတ်အားထက်သန်စွာဖြင့် ပါဝင်ဆွေးနွေးကြရန်မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နှစ်ဖက်အဖွဲ့ကိုယ်စားလှယ်များသည် သဘောတူညီမှုမရရှိ၍ မပြီးပြတ်သေးသည့် IDPs ကိစ္စရပ်များ ဖြစ်သော လိုအပ်သည့်စစ်တမ်းများ ကောက်ယူ၍ သဘောထားခံယူရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပူးတွဲစောင့်ကြည့်ရေးကော်မတီကိစ္စရပ်ဆိုင်ရာများကို အသေးစိတ်အကျေအလည်ဆွေးနွေးကြပြီး သဘောတူညီချက်များ ထုတ်ပြန်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကာ တွေ့ဆုံဆွေးနွေးပွဲကို ခေတ္တရပ်နားလိုက်သည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဦးဆွမ်လွတ်ဂမ် ခေါင်းဆောင်သော ကေအိုင်အိုကိုယ်စားလှယ်အဖွဲ့တို့သည် ဆွေးနွေးပွဲသို့ လေ့လာသူများအဖြစ်တက်ရောက်လာကြသူများ၏ ရှေ့မှောက်၌ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကေအိုင်အိုကိုယ်စားလှယ်အဖွဲ့တို့၏ သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။**(အောက်ပုံ)**

ဆွေးနွေးပွဲအပြီးတွင် အဆိုပါခန်းမ၌ သတင်းစာရှင်းလင်းပွဲကို ဆက်လက်ကျင်းပ၍ သတင်းမီဒီယာများ၏ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များ၊ ပူးတွဲစောင့်ကြည့်ရေးကော်မတီကိစ္စရပ်များ၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးကိစ္စရပ်များ၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု ကိစ္စရပ်များနှင့် IDPs ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မေးမြန်းမှုများကို နှစ်ဖက်အဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ဖြေကြားခဲ့ကြပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဦးဝင်းထွန်းနှင့် ဦးခင်မောင်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းမှူးဗိုလ်ချုပ်ထွန်းထွန်းနောင်၊ တိုင်းမှူး ဗိုလ်ချုပ်အောင်စိုး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြပြီး UNFC တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်ကြသည့် KNU၊ RCSS/SSA၊ UWSA၊ ABSDF၊ MNSP၊ PLNO၊ SSPP၊ PSLF/TNLA၊ CNF နှင့် NDAA အဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အထူးကိုယ်စားလှယ်နှင့်အဖွဲ့ဝင်များ၊ မြစ်ကြီးနားမြို့ရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရှမ်းယဉ်ကျေးမှုအဖွဲ့နှင့် ကချင်လူမျိုးများ၊ ရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီတို့မှ ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများလည်း လေ့လာသူများအဖြစ်တက်ရောက်ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်အဖွဲ့ဝင်များသည် ဦးဆွမ်လွတ်ဂမ် ခေါင်းဆောင်သော ကေအိုင်အိုကိုယ်စားလှယ်အဖွဲ့များ၊ လေ့လာသူများအဖြစ် တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ မဂ္ဂလာယ်ခန်းမ၌ ညစာကိုအတူတကွ သုံးဆောင်ကြသည်။

**(သတင်းစဉ်)**

**သင့်စီးပွားရေးတိုးတက်အောင်မြင်ဖို့**
**ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**



# အဆော့လွန်သူတို့ကြား

ဝါဝါထင်လင်း

ပျော်တာကောင်းပါ၏။ သို့သော် ကိုယ်ပျော်ခြင်းကြောင့်၊ အဆော့ကစားလွန်ခြင်းကြောင့် တစ်ပါးသူထိခိုက်နစ်နာသွားစေခြင်းကိုမဖြစ်စေချင်ပါ။ သီတင်းကျွတ်၊ တန်ဆောင်တိုင်မီးထွန်းပွဲကျင်းပချိန်ရောက်ပြီဆိုလျှင်ဖြင့် ခုလိုသတိပေးစကား အမြဲလိုရေး၊ ဆိုမိပါသည်။

မမေ့နိုင်စရာ အဖြစ်အပျက်တွေက မမြင်ချင်၊ မကြားချင်အဆုံးပါ။

သီတင်းကျွတ်မှာ တွေ့ကြုံခဲ့တဲ့ ဖြစ်ရပ်မှန်တစ်ခုပါ။

"ဖောင်း. . ဖောင်း. . . ဖောင်း"

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

"ဖောက်. . ဖောက်. . . ဖောက်"

ပြောက်အိုးဖောက်သံတွေ၊ မီးပန်းလွှတ်သံတွေ တရှိုးရှိုး၊ တရှူးရှူး၊ တဒိုင်းဒိုင်း နားကွဲမတတ် အလန့်တကြားရှိလှသည်။ ညတိတ်ဆိတ်ချိန်ကြားရလျှင် အတော်ဆိုးလှပါ၏။ ကလေးလည်းဆော့ကစား၏။ လူငယ်လူရွယ်လည်း ဆော့ကစား၏။ တချို့မသိတတ်သော လူကြီးများကလည်း ဆော့တတ်ပြန်သေးသည်။

သက်ကြီးရွယ်အိုများနှင့် ဖျားနာပြီး နှလုံးရောဂါသမားများဆို လန့်ဖျပ်ပြီး နှလုံးရပ်သွားနိုင်သည်။ ရုတ်တရက်သေနိုင်ပါသည်။

ပြောက်အိုးဖောက်သူကို လိုက်ရှာကြည့်လျှင် မတွေ့နိုင်ပါ။ မှောင်ရိပ်ခို၍ လှမ်းပစ်ဖောက်ခြင်း၊ တိုက်အမြင့်တွေပေါ်မှ ပစ်ဖောက်နေခြင်းဖြစ်သည်။

"ဖောင်း. . . ဒိုင်း. . . ဖောင်း. . . ဒိုင်း"

"ဟဲ့ ပြောက်အိုးသံတွေ ဆူညံလှချည်လားဟယ်၊ သီတင်းတောင် မကျွတ်သေးဘူး။ ပြောက်အိုးတွေဘယ်လိုရောင်းဝယ်နေကြပါလိမ့်"

"ဟုတ်ပါရဲ့. . . အရောင်းအဝယ်မလုပ်ရဘူးလို့ တားဆီးအမိန့်တွေထုတ်ထားတဲ့ကြားက ခက်တယ်နော်"

လမ်းမတော် (၁၅)လမ်းကားဂိတ်တွင် လူများစုံပြီး ကားကြီး၊ ကားငယ်လည်း အတော်စုံသည်။ ဈေးသွားဈေးပြန်၊ ရုံးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူ၊ ဆရာဆရာမများပါ ကားစီးရန် စောင့်နေကြသည်။

ညနေစောင်းအချိန်မို့ လူအတော်စုံလှသည်လေ။

သီတင်းကျွတ်လဆန်းပြီး သီတင်းကျွတ်လပြည့်ဖို့ရာ ရက်ပိုင်းသာလိုတော့သည်။ သီတင်းကျွတ်ပွဲတော်သည် မြန်မာတို့၏ယဉ်ကျေးမှု ဗုဒ္ဓဘာသာပွဲတော်တစ်ခုပါ။ ဗုဒ္ဓဘာသာဝင်မိသားစုများက ဗုဒ္ဓမြတ်စွာဘုရားကို ရည်မှန်းကာ မိမိတို့အိမ်ဂေဟာများရှေ့တွင် မီးရောင်စုံတို့ဖြင့် ထွန်းညှိကာပူဇော်ကြသည်။ လူကြီး၊ လူငယ်၊ ကလေးအားလုံး ပျော်ရွှင်ချမ်းမြေ့မှုကို ပေးစွမ်းနိုင်သော ပွဲတော်ကြီးတစ်ခုပါ။ ဘိုးဘွားမိဘများနှင့် ဆင့်ကဲအသက်ကြီးသူတို့ကို ကန်တော့ကြ၊ ကုသိုလ်ယူကြနှင့် မိသားစုတွေ ပျော်ပျော်ပါးပါးဝိုင်းဖွဲ့ဆုံတွေ့ကြသည့် သီတင်းကျွတ်ကာလဟုဆိုလျှင်လည်း မှားမည်မထင်ပါ။

ကားဂိတ်မှာလူကလျော့မသွား. .

ညနေစောင်းက တဖြည်းဖြည်းအိုလာသည်။

"ဖောင်း. . . ဖောင်း. . . ဖောင်း"

တိုက်ပေါ်ကနေ ပြောက်အိုးတွေပစ်ချနေသည်။ မီးတွေတဖျပ်ဖျပ်တောက်ပွင့်လို့ မီးစတွေတောင် ပလက်ဖောင်းအောက်ခြေထိကျလာသည်။ အောက်မှာ ကားဂိတ်ရှိနေတာ။ အိမ်ပြန်ချိန်ကားဂိတ်မှာ လူများနေတာ မသိနားမလည်နိုင်သူပါလား။

"ဖောက်. . ဖောက်. . ဖောက်"

"အား. . . အမလေး. . . အမေ့"

မထင်မှတ်ဘဲ ကျောင်းသူလေးတစ်ယောက် နားတစ်ဖက်ကိုလက်နဲ့ဖုံးဖိပြီး တအားအော်နေသည်။ ကားဂိတ်မှလူအားလုံး အလန့်တကြားဖြစ်ကုန်သည်။ ကျောင်းသူလေးဆီအကြည့်ရောက်သွားကြသည်။

မူးမေ့လဲမလိုဖြစ်သွားသည့် ကျောင်းသူလေးကို အနားမှသူငယ်ချင်းတွေ ဝိုင်းပြီးထိန်းပေးနေကြသည်။

ဖြစ်မှဖြစ်ရလေ. . .

"ဟယ်. . . နားထဲကသွေးတွေ စီးထွက်လာပြီ"

"ဟုတ်ပါရဲ့"

"ဆေးရုံပို့မှဖြစ်မယ်ထင်တယ်"

"အပေါ်ထပ်က. . . အပေါ်ထပ်က ဟိုအပေါ်ထပ်က ပစ်ချတာ"

ကားဂိတ်နောက်နားအထပ်မြင့်ဆီ မော့ကြည့်ပြီး ဝိုင်းအော်ကြသည်။

စည်းမရှိကမ်းမရှိ အရုပ်ဆိုးအကျည်းတန်အောင် လုပ်တဲ့ ပြောက်အိုးဖောက်သူကို ကုပ်ပိုးဆွဲဖမ်းပစ်လိုက်ချင်သည်။

"ဟော့ ဘယ်ကောင်လဲကွ တိုက်ပေါ်ကပြောက်အိုးပစ်ချတဲ့သူ ဒီမှာထိကုန်ပြီဟ-ထိကုန်ပြီ"

နောက်ထပ် ပြောက်အိုးတွေကျမလာတော့ပါ။ ဘက်အထပ်ဆီကဆိုတာ အတိအကျမသိနိုင်သလို တရားခံရှာဖို့ အရေးခက်ပါလိမ့်မည်။

ကျောင်းသူလေး၏ နားထဲမှသွေးတွေက မပြတ်စီးကျနေသည်။ ပခုံးစွန်းပေါ်၊ ရင်ဘတ်ပေါ် သွေးတွေက ရဲရဲနီနေသည်။ ကျောင်းသူလေးမှာ ကြောက်လန့်ပြီး တစ်ကိုယ်လုံးတုန်ကာရှိုက်ငိုနေသည်။

"မကြောက်နဲ့သမီး၊ မကြောက်နဲ့ ဆရာမတို့သမီးကို ဆေးခန်းပို့ပေးမယ်"

ထင်မှတ်မျှော်လင့်မထားသည့် ဖြစ်ရပ်တစ်ခုပင်။

အပျော်လွန်အဆော့လွန်သူကြောင့် တစ်ဖက်သားမှာ နာကျင်ခံစားဒုက္ခရောက်ရပြီ။ အတော်ဆိုးရွားသည့်လုပ်ရပ်ဟု ဆိုချင်သည်။

ပြောက်အိုးဖောက် အဆော့လွန်သူတို့ကြား ကျောင်းသူကလေး ထိခိုက်နာကျင်ခံစားသွားရသည်ကတော့အမှန်။ နားအကြား ဆုံးရှုံးသွားလျှင် ပိုလို့ခံစားရရှာမည်။ သီတင်းကျွတ်မီးထွန်းပွဲတော်ကို သာယာချမ်းမြေ့စွာ ခံစားရမည်မဟုတ်တော့၊ တစ်သက်တာ မမေ့နိုင်စရာဖြစ်တော့မည်။

မီးပန်း၊ ပြောက်အိုးဆော့သူကိုယ်တိုင် လက်ကိုမီးလောင်ဟပ်ခြင်း၊ ဆံပင်မီးလောင်ခြင်း၊ ယမ်းမီးစဝင်၍ မျက်လုံးကန်းသွားခြင်းတို့ကို ကြုံဖူး၊ မြင်ဖူး၊ တွေ့ဖူးကြမှာပါ။ အန္တရာယ်ကိုကြောက်ကြပါ။

ပြုလုပ်သူများကိုယ်တိုင်လည်း ပြုလုပ်နေစဉ်အတွင်း ပေါက်ကွဲမီးလောင်ခြင်းတို့ကြောင့် သေဆုံးရသည်အထိ ဖြစ်ကြရသည်။

အများသူငါ အန္တရာယ်မဖြစ်ဖို့အရေး အသိလေးနှင့် သတိထားကြပါ။ အသံကျယ်ပြောက်အိုးများ မဖောက်မိကြစေရန် ဝန်းကျင်ကိုလည်းတစ်ဆင့်သတိပေးစကားများ ပြောကြားပါ။ နှလုံးရောဂါဝေဒနာသည်များ၊ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များကို ကြင်နာပါ၊ စာနာပါ၊ သိတတ်ပေးကြပါ။

သီတင်းကျွတ်လအခါ မိသားစုတိုင်း၊ မိသားစုတိုင်း ပျော်ရွှင်အေးချမ်းပြီး ဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းဝေးကြပါစေ။ ။

# ရိုးမ – ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကျင်းပမည်



**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်မြို့တွင် အကြီးမားဆုံးအပြေးပြိုင်ပွဲနှင့် စီးပွားရေးမြို့တော်၏ တစ်ခုတည်းဖြစ်သော ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကြီးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ကျင်းပနိုင်ရန်အတွက် ပြည်တွင်းပြည်ပရှိ မာရသွန်အပြေးအားကစားမောင်မယ်များ စာရင်းစတင်ပေးသွင်းခြင်းနှင့် စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပသည်။

ရိုးမ-ရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကို ၂၀၁၄ ခုနှစ်တွင် ဒုတိယအကြိမ် ထပ်မံကျင်းပရခြင်းနှင့် စပ်လျဉ်း၍ First Myanmar Investment Co.,Ltd (FMI) ဥက္ကဋ္ဌ ဦးသိန်းဝေက အဖွင့်မိတ်ဆက်စကားပြောကြားရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် First Myanmar Investment Co.,Ltd (FMI) တို့ ပူးပေါင်းကျင်းပခွင့်ရရှိခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ Y.C.D.C အနေဖြင့် အဘက်ဘက်မှ လိုအပ်ချက်များမရှိအောင် ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ခြင်းကြောင့် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် ပထမအကြိမ် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲကြီးကို ထူးခြားအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာမှ နိုင်ငံပေါင်း ၃၀ ကျော်မှ မာရသွန်အပြေးအားကစားမောင်မယ် နိုင်ငံခြားသား ၅၂၀ နှင့် မြန်မာနိုင်ငံသား ၅၃၀ စုစုပေါင်း ၁၀၅၀ တို့ ပါဝင်ဆင်နွှဲသည့်ဂုဏ်ကိုယခုနှစ်တွင် ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် ၂၀၁၄ ခုနှစ် မာရသွန်ပြိုင်ပွဲတွင် ပြည်တွင်း ပြည်ပအားကစားမောင်မယ် ၃၀၀၀ ခန့် ပါဝင်ဆင်နွှဲနိုင်ရန် ရည်မှန်းမျှော်လင့်ထားခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ တစ်ခုတည်းဖြစ်သည့် စီးပွားရေးမြို့တော်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝရေမြေအလှများ၊ အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်အသိုင်းအဝိုင်းများသည် နိုင်ငံတော်၏စီးပွားရေးလုပ်ငန်းများ၊ ခရီးသွားလာရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် မာရသွန်အပြေးပြိုင်ပွဲ ပြုလုပ်ပေးခြင်းဖြင့် ပြည်သူများအနေဖြင့် အားကစားစိတ်ဓာတ်နှင့် အားကစားအသိအမြင်၊ ဗဟုသုတများ ပိုမိုကြွယ်ဝလာစေရန်တို့ကို ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားရှင်းလင်းသည်။

ယင်းနောက် ၂၀၁၄ ခုနှစ် ရိုးမ-ရန်ကုန်အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲ Logo ပါ တီရှပ်အင်္ကျီအား ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်ထံသို့ ရိုးမကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် MR.ANDRW RICKARDS က ပေးအပ်ပြီး**(အပေါ်ပုံ)** ၂၀၁၄ ခုနှစ် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်စာရင်း ပေးသွင်းဖွင့်လှစ်သည့်အခမ်းအနားကို ဖွင့်လှစ်ပေးလိုက်သည်။

၂၀၁၄ ခုနှစ် ရိုးမ-ရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲတွင် အပြည့်မာရသွန် ၄၂ ကီလိုမီတာ၊ တစ်ဝက်မာရသွန် ၂၁ ကီလိုမီတာနှင့် အပျော်တမ်းအပြေးပြိုင်ပွဲ (Fun Run) ဟူ၍ အတန်းသုံးတန်း ပါဝင်ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်သော အပြေးအားကစားမောင်မယ်များအနေဖြင့် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်၏ အင်တာနက်စာမျက်နှာ www.yomayangonmarathon.com တွင်လည်းကောင်း၊ အမှတ် (၃၈၀) ဗိုလ်ချုပ်အောင်ဆန်းလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ရှိ (FMI)တွင်လည်းကောင်း ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းအထိ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(စောသိန်းဝင်း)**

## (၂၇)ကြိမ်မြောက်အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင်ပါဝင်သော မီးထွန်းညှိတိုင်သယ်ဆောင်သည့် ယာဉ်တန်းဖြတ်သန်းချိန်၌ ယာဉ်များအရှိန်လျှော့၍ သတိပြုမောင်းနှင်ပေးကြပါရန် မေတ္တာရပ်ခံ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင်ပါဝင်သော မီးထွန်းညှိတိုင် လက်ဆင့်ကမ်းသယ်ဆောင်ခြင်းအစီအစဉ် အပိုင်း(၂)ဖြစ်သော ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏမှ ဝေဇယန္တာလမ်းနှင့် သစ္စာလမ်းဆုံအထိ လက်ဆင့်ကမ်းသယ်ယူခြင်းနှင့် သစ္စာလမ်းဆုံအလွန်မှ ဝေဇယန္တာလမ်းအတိုင်း ပါရမီလမ်းဆုံအထိ၊ ပါရမီလမ်းအတိုင်း ကမ္ဘာအေးစေတီလမ်းအထိ၊ ကမ္ဘာအေးစေတီလမ်းအတိုင်း ပြည်လမ်း(၈)မိုင်လမ်းဆုံအထိ၊ ပြည်လမ်းအတိုင်း ထောက်ကြန့်လမ်းဆုံအထိ၊ ရန်ကုန်-ပဲခူးလမ်းအတိုင်း အမှတ်(၃)လမ်းဆုံအထိ၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအတိုင်း နေပြည်တော်(စီ)လမ်းဆုံအထိ၊ ရွှေပြည်တော်ဝင်လမ်းအတိုင်း ကံ့ကော်အဝိုင်းအထိ၊ ရာဇသင်္ဂဟလမ်းအတိုင်း သပြေကုန်းအဝိုင်းအထိ၊ တောင်ညိုလမ်းအတိုင်း နေပြည်တော်မြို့တော်ခန်းမရှေ့အထိ မော်တော်ယာဉ်ဖြင့်သယ်ဆောင်ခြင်းအား အောက်တိုဘာ ၁၃ ရက် နံနက် ၅ နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏမှစတင်ထွက်ခွာလေ့ကျင့်မည်ဖြစ်ပါ၍ လမ်းခရီးတွင် လေ့ကျင့်ရေးယာဉ်တန်းနှင့်တွေ့ဆုံချိန် ဖြတ်သန်းသွားချိန်များတွင် မိမိတို့၏ယာဉ်များအား အရှိန်လျှော့၍ သတိပြုမောင်းနှင်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ**
**ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး**
**ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ**

# ကော့သောင်းမြို့မှ နေပြည်တော်သို့ ခရီးရှည်လမ်းလျှောက်သူ မြိတ်မြို့သို့ရောက်ရှိ

**မြိတ် အောက်တိုဘာ ၁၀**

(၂၇)ကြိမ်မြောက်ဆီးဂိမ်းပွဲတော်အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့သောင်းမြို့မှ နေပြည်တော်သို့ တစ်ကိုယ်တော်လမ်းလျှောက်သူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နေသူ ဦးအောင်သူ အသက်(၄၅)နှစ်သည် ကော့သောင်းမြို့ ဘုရင့်နောင်အငူ(ဝိတိုရိယအငူ)ရှေ့မှ အောက်တိုဘာ ၁ ရက် နံနက် ၆ နာရီမှ စတင်ထွက်ခွာခဲ့ပြီး မြိတ်မြို့ ဆိပ်ငယ်ရပ် ဗိုလ်ချုပ်လမ်းရှိ ခြသ်ေ့သုံးကောင် ကျောင်းတိုက်သို့ အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ် ကရောက်ရှိခဲ့သည်။

အဆိုပါ ဂုဏ်ပြုလမ်းလျှောက်သူ ဦးအောင်သူသည် အောက်တိုဘာ ၈ ရက် နံနက် ၆ နာရီခွဲက တနင်္သာရီမြို့နယ် ဇဝဲကျေးရွာ မိုင်တိုင်အမှတ် (၃၅/၅)မှ စတင်လမ်းလျှောက်ထွက်ခွာခဲ့ရာ မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု သာရမဲကျေးရွာ ဦးဆန်းမင်းဦးအိမ်သို့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင်ရောက်ရှိ၍ ညအိပ်ခဲ့သည်။

အောက်တိုဘာ ၉ ရက် နံနက် ၇ နာရီ ၅ မိနစ်တွင် သာရမဲကျေးရွာ မိုင်တိုင်အမှတ် (၁၂/၆)မှ စတင်ပြီး လမ်းလျှောက်ခဲ့ရာ စန္ဒဝတ်ကျေးရွာအုပ်စု ကျေးရွာအထောက်အကူပြုဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးအင်သန်းနှင့် ဦးလူအေးတို့ဦးစီး၍ လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ အင်အား ၂၀၀ ခန့်က ပန်းကုံးစွပ်အခမ်းအနားနှင့်ကြိုဆိုပြီး မြိတ်မြို့ ခရိုင် ရဲတပ်ဖွဲ့မှူး၊ မြိတ်မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဌာနဆိုင်ရာများ၊ ရပ်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြိတ်မြို့နယ်အားကစားမှူး ဦးထွန်းရှိန်နှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ကြိုဆိုခဲ့ကြကြောင်းသိရသည်။

အဆိုပါတစ်ကိုယ်တော်လမ်းလျှောက်သူ ဦးအောင်သူသည် အောက်တိုဘာ ၁၀ ရက် နံနက် ၆ နာရီခွဲတွင် မြိတ်မြို့ ဆိပ်ငယ်ရပ် ဗိုလ်ချုပ်လမ်းရှိ မိုင်တိုင်(၀)မှ နေပြည်တော်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**(မိုးဟိန်း-မြိတ်)**

ပြည်သူ့လွှတ်တော်စည်းဝေး

# ဘူမိအပူစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် စမ်းသပ်လေ့လာ အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၀

ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက်ပိုင်းကကျင်းပရာ ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်၏ **မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍကို ပိုမိုထိရောက်သည့်စီမံမှုများပြုလုပ်ရန် တိုက်တွန်းခဲ့သည့်အဆိုအပေါ် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ထားရှိမှုများကို ပြည်သူအများသိရှိစေရန် ပြန်ကြားပေးရန် မေးခွန်းနှင့် စွမ်းအင်ကဏ္ဍတိုးတက်မှုအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီသိရှိစေရန် သင့်တော်မည့်အစီအစဉ်များ ဆောင်ရွက်ရန်ရှိ၊ မရှိသိရှိလိုကြောင်း** မေးခွန်းများနှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ပြန်လည်ဖြေကြားခဲ့သည်။

**ပထမမေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက စွမ်းအင်နှင့် ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနများအလိုက် Current Situation Analysis များပြုစုပြီး အမျိုးသားစွမ်းအင်မူဝါဒ(မူကြမ်း)ကို ရေးဆွဲခဲ့ရာ တတိယမူကြမ်းအဆင့်သို့ ရောက်ရှိပြီဖြစ်ပါကြောင်း၊ အကြံပြုချက်များ ရယူကာ အဆင့်ဆင့်ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ထားပြီး ချမှတ်ဆောင်ရွက်မည့် အမျိုးသားစွမ်းအင်မူဝါဒ (မူကြမ်း)ကို ရွေးချယ်သတ်မှတ်ထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် အာရှဖွံ့ဖြိုးရေးဘဏ်၏ နည်းပညာအကူအညီပေးရေး အစီအစဉ်ကိုလည်း ရယူ၍ အမျိုးသားစွမ်းအင်မူဝါဒ အပြီးသတ်ရေးဆွဲနိုင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် ရှင်းလင်းဖြေကြားစဉ်။

အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် Renewable Energy ကို အခြေခံ၍ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်းကို First Priority အဖြစ်ထားရှိရေး၊ စွမ်းအင်ကို ထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး၊ နိုင်ငံ၏စွမ်းအင်ဆိုင်ရာအရင်းအမြစ်များ တည်ရှိနေမှုဆိုင်ရာအခြေအနေအား ဝန်ကြီးဌာနပေါင်းစုံမှ စုပေါင်းပါဝင်တွက်ချက်ရေး၊ စွမ်းအင်ထုတ်ယူသုံးစွဲရေးဆိုင်ရာ စီမံကိန်းကြီးများအားလုံး စီးပွားရေးတွက်ခြေကိုက်မှုရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး အစီအမံများ စနစ်တကျဆောင်ရွက်ထားရှိရေး၊ စွမ်းအင်မူဝါဒလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလတို၊ ကာလလတ်၊ ကာလရှည် အစီအစဉ်များ စုစည်းပြုစုရေးစသည့်အချက်များကို အဓိကရည်မှန်းချက်များအဖြစ် ထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထို့ပြင် **ဒုတိယမေးခွန်း**နှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများအတွက် လောင်စာအဖြစ်သုံးစွဲနိုင်ရန် ၂၀၁၃ ခုနှစ် မတ်လအထိ ကျေးရွာသုံးစိုက်ခင်း(၄၄၉၅၈၆)ဧက တည်ထောင်လျက်ရှိပြီး ၎င်းအနက်မှ ငါးနှစ်ပြည့်ပြီး ကျေးရွာသုံး စိုက်ခင်းစုစုပေါင်း (၄၈၂၁၆ ဒသမ ၆) ဧကကို ကျေးရွာများသို့ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းကို နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာအထိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော(၁၁၇၀၆၃ ဒသမ ၈၅)ဧက တည်ထောင်ထားရှိပြီးဖြစ်ကာ ၂၀၃၀-၂၀၃၁ ခုနှစ်တွင် ထင်းလောင်စာလိုအပ်ချက်၏(၂၅) ရာခိုင်နှုန်းကို ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများမှ ထောက်ပံ့ပေးနိုင်မည်ဖြစ်ပါကြောင်း။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အနေဖြင့် ပြန်ပြည့်မြဲစွမ်းအင်တစ်ခုဖြစ်သော Biogas Plant များ တည်ဆောက်၍ စုစုပေါင်းစက်တပ်ဆင်အား (၂၁)ကေဗွီအေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဘူမိ အပူစွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့ အနေဖြင့် ဘူမိအပူစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် စမ်းသပ်လေ့လာအကောင်အထည်ဖော်ခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့ပြ နျူကလီးယားစွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း။

စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်နှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာနများအနေဖြင့် ဌာနအလိုက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးနှင့် ပွင့်လင်းမြင်သာမှု ရှိစေရေးအတွက် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းစာစောင်များ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်ဝက်ဘ်ဆိုက်များတွင် ရေးသားဖော်ပြထုတ်လွှင့်လျက် ရှိပါကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက ဆက်လက်ဖြေကြားခဲ့သည်။



ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင် မေးမြန်းစဉ်။

ပြည်ထောင်စုဝန်ကြီး၏ဖြေကြားမှုနှင့် ပတ်သက်၍ မေးခွန်းရှင် ဦးသိန်းလွင်က "ဝန်ကြီးကိုယ်တိုင် လာရောက်ရှင်းလင်း ဖြေကြားပေးတဲ့အတွက် ဝမ်းသာရပါတယ်။ ဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးအတွက် လိုအပ်တဲ့စွမ်းအင်ကဏ္ဍကို အများကြီးဆောင်ရွက်နေပြီး ကျွန်တော်တို့ကိုလည်း ဖိတ်ကြားရှင်းလင်းပြသပေးပါတယ်။ ဒါပေမယ့် အများပြည်သူမြင်သာအောင် မီဒီယာတွေကနေ ချပြဖို့ အားနည်းနေပါသေးတယ်။ ပွင့်လင်းမြင်သာစွာ ရှင်းပြဖို့ လိုအပ်ပါတယ်"ဟု ပြောပြခဲ့သည်။

အစည်းအဝေးကို အစီအစဉ်(၇)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး အဋ္ဌမနေ့ကို အောက်တိုဘာ ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်စည်းဝေး

# သတ်မှတ်ကာလများအတိုင်းသာ တိကျစွာလိုက်နာဆောင်ရွက် အကောင်အထည်ဖော်ရန် ကြိုးကြပ်

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြောင်းရွှေ့လိုသော ဆန္ဒမရှိသည့် ဒေသခံဝန်ထမ်းများမပါဘဲ ဝေးလံသီခေါင်သည့် ဒေသများတွင် သွားရောက် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား တစ်ပြေးညီ(၂)နှစ်စီ သတ်မှတ်ရန်မှာ ဝန်ကြီးဌာနများ၏ လုပ်ငန်းတာဝန်ချင်း တူညီမှုမရှိသည့်အတွက် လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ ဝန်ကြီးဌာနများ၏ အတွေ့အကြုံအရ သတ်မှတ်ထားခြင်းဖြစ်၍ သတ်မှတ်ကာလများအတိုင်းသာ တိကျစွာလိုက်နာဆောင်ရွက် အကောင်အထည်ဖော်သွားရန် ကြီးကြပ်လျက် ရှိပါကြောင်းဖြင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး သတ္တမနေ့တွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ၏ **"ဝေးလံသီခေါင်သည့်ဒေသများတွင် တာဝန်ထမ်းဆောင်ကြသည့်ပြည်မမှနိုင်ငံ့ဝန်ထမ်းများကို တာဝန်ထမ်းဆောင် သတ်မှတ်ကာလ(၂)နှစ်အတွင်း တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်မှုပြီးဆုံးပါက အမြန်ဆုံးပြောင်းရွှေ့ရေးအတွက် ဝန်ကြီးဌာနများက တစ်ပြေးညီ စည်းမျဉ်းသတ်မှတ်ပြီး တိကျမှန်ကန်စွာ ကျင့်သုံးဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ရှင်းလင်းဖြေကြားစဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝေးလံသီခေါင်သည့်ဒေသများတွင် တာဝန် သွားရောက်ထမ်းဆောင်ကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ ဝန်ကြီးဌာနများ တစ်ခုနှင့်တစ်ခု မတူညီသော ဝိသေသများကြောင့် သတ်မှတ်ကာလ(၂)နှစ် သတ်မှတ်ပေးရန် မဖြစ်နိုင်သော ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့တွင် သတ်မှတ်ကာလ ထားရှိခြင်းမရှိပါကြောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့တွင် သတ်မှတ်ကာလ(၁)နှစ်သာ သတ်မှတ်ထားရှိပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့ကို သတ်မှတ်ကာလ (၃)နှစ်စီသတ်မှတ်ထားရှိပြီး ကျန်ဝန်ကြီးဌာန(၁၇)ခုတွင် သတ်မှတ်ကာလ(၂)နှစ်စီ သတ်မှတ်ထားပါကြောင်း ဖြေကြားသည်။

မေးခွန်းရှင် ဦးဟာရှိန်းဘွေက "ဒီမေးခွန်းကို မေးရတဲ့ရည်ရွယ်ချက်ကတော့ ဝေးလံသီခေါင်တဲ့ အရပ်ဒေသတွေမှာ လာပြီးတာဝန်ထမ်းဆောင်တဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေဟာ တချို့လည်း (၆)လ လောက်နဲ့ ပြန်ပြောင်းသွားကြတယ်။ တချို့က လည်း (၂)နှစ်၊ (၃)နှစ်၊ (၄)နှစ် လောက်ထိ နေရတာတွေလည်း ရှိတယ်။ ပြည်မကနေလာပြီး တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းတွေအနေနဲ့ ကြာလာတော့ ငြီးငွေ့လာတဲ့အတွက် လုပ်ငန်းပေါ်မှာလည်း အားနည်းလာတာတွေ တွေ့လာရပါတယ်။ ဒါကြောင့် ဝန်ထမ်းတွေကို (၂)နှစ်ဆို (၂)နှစ် ဖြစ်စေချင်ပါတယ်။ ဝေးတဲ့ဒေသတွေမှာ လက်တွေ့ဖြစ်နေတဲ့အခြေအနေကိုကြည့်ပြီး မေးလိုက်တာပါ။ နိုင်ငံတော်အနေနဲ့လည်း အဲ့ဒီအရပ်မှာရှိတဲ့ ဝန်ထမ်းတွေကို လစာ(၂) ဆချီးမြှင့်လို့ အဆင်ပြေကြပါတယ်။ ဒါပေမယ့် လာရောက်တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းတွေကို (၂)နှစ်ဆို (၂)နှစ် တာဝန်ထမ်းဆောင်စေခြင်းဖြင့် သူတို့ဟာလုပ်ငန်းပေါ်မှာ ပိုမိုစိတ်ဝင်စားပြီး ကြိုးစားဆောင်ရွက်လိမ့်မယ်ထင်ပါတယ်"ဟု ပြောပြခဲ့သည်။



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ မေးမြန်းစဉ်။

အစည်းအဝေးတွင် နိုင်ငံ့ဂုဏ်ရည်ဆုနှင့်စပ်လျဉ်းသည့် မေးခွန်း(၁)ခု၊ နိုင်ငံ့ဝန်ထမ်းများ ပြောင်းရွှေ့ခြင်းနှင့်သက်ဆိုင်သည့် မေးခွန်း(၁)ခု၊ ပညာရေးနှင့်သက်ဆိုင်သည့်မေးခွန်း (၄)ခုနှင့် အစီရင်ခံစာ(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

## အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲဆိုင်ရာနှင့် မီးထွန်းညှိတိုင်သယ်ယူခြင်းနှင့် ပတ်သက်၍ တွေ့ဆုံရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၀**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားအတွက် ဖျော်ဖြေရေးလုပ်ငန်းများနှင့် လက်ကိုင်မီးထွန်းညှိတိုင် သယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အစီအစဉ်များနှင့် ပတ်သက်၍ တွေ့ဆုံရှင်းလင်းပွဲကို အောက်တိုဘာ ၁၂ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးစီး၍ ကျင်းပမည် ဖြစ်ရာ စိတ်ပါဝင်စားသော သတင်းမီဒီယာများမှ သတင်းထောက်များ တက်ရောက်နိုင်ကြောင်းဖြင့် ဖိတ်ကြားထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## အမည်မည်းစာရင်း သတ်မှတ်ထားသော ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန် ၁၀၁၀ အား ပယ်ဖျက်ခွင့်ပြု

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်လျက်ရှိပြီး နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို အလေးထား အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ခြင်းအလို့ငှာ ကုမ္ပဏီများ၊ နယ်ပယ်အသီးသီးမှ လူပုဂ္ဂိုလ်များအား အကြောင်းအမျိုးမျိုးကြောင့် ယခင်က အမည်မည်းစာရင်း (Black List) သတ်မှတ်ရေးသွင်းပြီး ကန့်သတ်မှုများ ဆောင်ရွက်ထားရှိခဲ့သော်လည်း ယခုအခါ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိရာ အမည်မည်းစာရင်းမှ ပယ်ဖျက်ပေးခဲ့မှုများကိုလည်း နိုင်ငံတော်သမ္မတရုံး Website တွင် ဖော်ပြပေးလျက်ရှိသည်။

ယခုအခါ ထပ်မံ၍ ကျန်းမာရေးဝန်ကြီးဌာနမှ အမည်မည်းစာရင်း သတ်မှတ်ထားသူများအနက် ဆရာဝန် ၁၀၁၀ အား အမည်မည်းစာရင်းမှ ပယ်ဖျက်ပေးလိုက်ကြောင်းနှင့် ၎င်းတို့၏ အမည်စာရင်းအား နိုင်ငံတော်သမ္မတရုံး Website တွင် ဖော်ပြထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဖတ်စရာ၊ မှတ်စရာ

# သီတင်းကျွတ်တော့မည်ဆိုလျှင်

ခင်လပြည့်ဝန်း

မကြာမီ သီတင်းကျွတ်ကာလရောက်တော့မယ်၊ အလှဆင်မီးလုံးလေးတွေ၊ မီးပုံးလေးတွေ၊ ဆီမီးနဲ့ ပတ်သက်တဲ့ လျှပ်စစ်ပစ္စည်းလေးတွေ အရောင်းသွက်တဲ့ အချိန်လည်းဖြစ်ပါတယ်။ တစ်ခါတလေ ကြိုကြား ကြိုကြားဆိုသလို ပြောက်အိုးဖောက်သံလေးတွေကြား နေရပြီ၊ ဒါပေမယ့် အရင်နှစ်တွေလောက်တော့ ကျယ်ကျယ် လောင်လောင် ခပ်စိတ်စိတ် မကြားရဘူး၊ တော်သေးတယ် လို့ဆိုရမယ်။

တကယ်တော့ မီးပန်း၊ ပြောက်အိုး၊ ရှူးဒိုင်း၊ မီးပုံးပျံ တို့ဟာ ကလေးငယ်တွေအတွက် အန္တရာယ်ရှိနိုင်တာ လူတိုင်း သိကြပါတယ်၊ အသက်အရွယ်ငယ်သေးတဲ့ ကလေးတွေဟာ အသိဉာဏ်နုနယ်သေးတဲ့အတွက် အုပ်ထိန်းသူ လူကြီးဘေးနားမှာမရှိဘဲ မီးပန်းတွေ၊ ပြောက်အိုး၊ ရှူးဒိုင်းတွေ မလုပ်သင့်ပါဘူး။ အချိန်အဆ မရှိလို့ လက်၊ မျက်နှာတို့မှာ ထိခိုက်နိုင်ပါတယ်။ အထူး သဖြင့် ထိခိုက်ရင်အန္တရာယ်အကြီးမားဆုံးဖြစ်နိုင်တဲ့ မျက်စိကိုထိခိုက်တဲ့အခါ အချိန်မီကုသနိုင်ရင် ကံကောင်း ပေမယ့် အချိန်မမီခဲ့ရင် လူ့ဘဝတစ်သက်တာမှာ အရှုံးနဲ့ ရင်ဆိုင်ရတတ်တယ်။ ကလေးတွေဆိုတာ သီတင်းကျွတ် ကာလမှာ မီးထွန်းပွဲတော်တွေလုပ်တယ်၊ မီးပုံးလှလှ၊ မီးလုံးလှလှ၊ ဆီမီးလှလှတွေ အိမ်တွေမှာထွန်းကြတယ်၊ ဘုရားမှာဆီမီးပူဇော်တယ်၊ ပျော်ပွဲရွှင်ပွဲမီးထွန်းပွဲတွေ လုပ်ကြတာဆိုပြီး ပျော်စရာပွဲတော်လို့ မြင်ကြတာပါ။

သီတင်းကျွတ်ကျောင်းပိတ်ရက်ကာလမို့ တကယ်လည်း ပျော်ကြပါတယ်၊ ဒါပေမယ့် အန္တရာယ်ကင်းတဲ့ ပျော်ရွှင်ပွဲ ကိုနွဲကြရင်တော့ ပျော်စရာအတိပြည့်စုံမှာပါ။ စာရေးသူတို့ ငယ်စဉ်က ပြောက်အိုးကိုမီးရှို့ပြီး အပေါ်က နို့ဆီခွက် အခွံကို မှောက်ထားတဲ့အခါ ပြောက်ရဲ့တွန်းအားနဲ့ နို့ဆီခွက်အပေါ်ကိုမြောက်တက်တော့ ကြည့်ရတာ သိပ်ကို ပျော်ဖို့ကောင်းတယ်၊ အဲဒီအရွယ်တုန်းကတော့ ကလေးပီပီ ဆော့ဖို့ပဲသိခဲ့တာ၊ ခုလိုအသက်အရွယ်ရလာ တော့ အဲဒီလို နို့ဆီဘူးခွံနဲ့ ပြောက်အိုးဖောက်တာ အတော် အန္တရာယ်ကြီးပါလားဆိုတာ သိလာတယ်။ ငယ်စဉ်ကလေး ဘဝတုန်းက နို့ဆီဘူးခွံနဲ့ ခိုက်မိတဲ့သူတွေ့ခဲ့ပေမယ့် ရယ်စရာလို့ ထင်ခဲ့မိတယ်။

သီတင်းကျွတ်မီးထွန်းပွဲ ကျင်းပရခြင်းဟာလည်း ဗုဒ္ဓမြတ်စွာဘုရားရဲ့ အရင်ဘဝများစွာက မယ်တော် တော်စပ်ခဲ့ဖူးတဲ့ သန္တုသိတနတ်သားအမှူးပြုတဲ့ နတ် အပေါင်းကို ဝါတွင်းသုံးလပတ်လုံး တာဝတိံသာနတ်ပြည် မှာ အဘိဓမ္မာတရားဟောကြားပြီး လူ့ပြည်ပြန်ကြွအလာ ဗုဒ္ဓဘာသာဝင်လူအပေါင်းတို့ ဆီမီးတွေ၊ ပန်းတွေနဲ့ ဖူးမြော်ကြည်ညိုခဲ့ကြရာက သီတင်းကျွတ်မီးထွန်းပွဲတော် ဖြစ်လာတာပါ။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုး တို့ဟာ သီတင်းကျွတ် မီးထွန်းပွဲကို တလေးတစားတန်ဖိုး ထားကြပါတယ်။

ကိုယ့်ရဲ့မိဘ၊ ကြီးဒေါ်၊ ဦးလေး၊ အစ်ကို၊ အစ်မ၊ အဘိုးအဘွား၊ ဆရာသမား၊ သက်ကြီးရွယ်အိုတွေကို သီတင်းကျွတ်မီးထွန်းပွဲကာလမှာ ရိုသေစွာကန်တော့တာ အလွန်ကောင်းမွန်တဲ့ မြန်မာ့ရိုးရာဓလေ့ပါ။ ဘုရား ကျောင်းကန်ကိုသွားပြီး ဆီမီးပူဇော်ကြ၊ ပန်း၊ ရေချမ်း လှူကြနဲ့ ကြည်နူးချမ်းမြေ့ရပါတယ်။

ဒါကြောင့် ရပ်ကွက်ထဲမှာ ကလေးငယ်များ၊ မီးရှူး၊ ပြောက်အိုး၊ ရှူးဒိုင်းလုပ်တာဆင်ခြင်ဖို့၊ လူကြီးတွေ သတိပေးစောင့်ကြည့်ဖို့နဲ့ စည်းနဲ့ကမ်းနဲ့နေကြရင် ပျော်စရာ သီတင်းကျွတ်မီးထွန်းပွဲတော်ကို ဆင်နွှဲနိုင်ကြမှာအမှန်ပါလို့ စေတနာအကျိုးနဲ့ နှိုးဆော်ရေးသားလိုက်ပါတယ်။ ။



မွန်ပြည်နယ် ဝန် ကြီး ချုပ် ဦး အုန်း မြင့် အပြည်ပြည်ဆိုင် ရာ ကမ္ဘောဇ အာမခံလုပ်ငန်း မွန်ပြည်နယ်ရုံး ချုပ် အတွင်း လှည့် လည် ကြည့်ရှုစဉ်။

# အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း မွန်ပြည်နယ်ရုံးချုပ်ဖွင့်

**မော်လမြိုင် အောက်တိုဘာ ၁၀**

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း (IKBZ Insurance Co.,Ltd.) မွန်ပြည်နယ်ရုံးချုပ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်က မော်လမြိုင်မြို့ ကျောက်မီးသွေးရုံလမ်းအမှတ် (၇၅) ကမ္ဘောဇဘဏ်လီမိတက် မော်လမြိုင် ဘဏ်ခွဲ(၂)တွင် ကျင်းပခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း မွန်ပြည်နယ်ရုံးချုပ်ကို မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာခင်မောင်သွင်၊ ဥက္ကဋ္ဌ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်း၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံ လုပ်ငန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်နှင့် ဒါရိုက်တာအဖွဲ့ဝင် ဦးနေမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများက ရုံးအတွင်း လုပ်ငန်း ဆောင်ရွက်နေသည့် ဌာနခွဲများကို လိုက်လံကြည့်ရှုသည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က မွန်ပြည်နယ်ရုံးချုပ် ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းသည် ပုဂ္ဂလိကအာမခံ လုပ်ငန်းလိုင်စင်ရရှိသော ကုမ္ပဏီ ကိုးခုတွင် အပါအဝင်ဖြစ်ပြီး အာမခံလုပ်ငန်းများကို ရန်ကုန်မြို့တွင်လည်းကောင်း၊ အထက်မြန်မာပြည် (ရုံးချုပ်) မန္တလေးမြို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့တွင်လည်းကောင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး မွန်ပြည်နယ် (ရုံးချုပ်)သည် မွန်ပြည်နယ်ရှိ ပြည်သူများ၏အသက်အိုးအိမ်၊ စည်းစိမ်နှင့် စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော အာမခံအကာအကွယ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို အနီးကပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်းသည် ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်နှင့် စီးပွားရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးခြင်းမှ ပြန်လည်အစားထိုးကာကွယ်ပေးရန်အတွက် မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ပြည်သားပြည်သူအာမခံ၊ စုပေါင်းအသက်အာမခံ၊ မြွေအန္တရာယ်အာမခံ၊ အားကစားသမားများ ကိုယ်အင်္ဂါထိခိုက်မှု အာမခံ၊ ငွေသား လုံခြုံမှုအာမခံ၊ ငွေပို့ငွေသယ်အာမခံနှင့် သမာဓိအာမခံတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**












# မီးလောင်ရာနေရာသို့ မီးသတ်ယာဉ်ရောက်ရှိရန် ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ပူးပေါင်းလုပ်ဆောင်သွားမည်

**ရန်ကုန် အောက်တိုဘာ ၁၀**

မကြာခင် နွေဦးကာလရောက်ရှိတော့မည်ဖြစ်၍ ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှုကြောင့် မီးလောင်ရာနေရာသို့ မီးသတ်ယာဉ် အမြန်ဆုံးရောက်ရှိစေရန် ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"မီးလောင်တဲ့နေရာကို မီးသတ်ကားတွေ အမြန်ဆုံးရောက်ရှိဖို့အတွက် ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်တွေကလည်း ကားကျပ်တဲ့နေရာတွေမှာ အမြန်ဆုံးရှင်းလင်းဆွဲထုတ်သွားမှာပါ။ ဥပမာ ပြည်လမ်းမကြီးပေါ်မှာ မီးသတ်ကားတွေ သွားလာတယ်ဆိုရင် လမ်းလယ်ကျွန်းတွေရှိတဲ့အတွက် ကားပိတ်ဆို့နေပြီး ဘယ်လိုမှ ကျော်တက်လို့မရဘူး။ ယာဉ်မောင်းတဲ့ သူတွေကလည်း မီးသတ်ကား ဥဩဆွဲသံကိုကြားရင် အသိစိတ်ဓာတ်နဲ့ ဖယ်ပေးပြီးတော့ မောင်းနှင်ရမှာပါ"ဟု ၎င်းကပြောသည်။

မီးလောင်မှုဖြစ်စဉ်များ ဖြစ်ပွားရာနေရာသို့ အမြန်ဆုံးရောက်ရှိငြိမ်းသတ်နိုင်ရန်အတွက် မီးသတ်ယာဉ်မောင်းနှင်သူများက လမ်းရှင်းလင်းသည့်နေရာအား အဓိကထားမောင်းနှင်ခြင်း၊ မီးလောင်မှုဖြစ်ပွားရာနေရာနှင့် အနီးစပ်ဆုံးယာဉ်ပိတ်ဆို့သည့် မီးပွိုင့်များတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက အမြန်ဆုံးရှင်းလင်းဖယ်ရှားခြင်းတို့ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

မီးလောင်ရာနေရာသို့မီးသတ်ယာဉ် မရောက်မီ မီးလောင်မှုကို ခေတ္တတားဆီးနိုင်ရန် အပေါ့စား ရေစက်များထားရှိခြင်း၊ မီးသတ်ဆေးဘူးဆောင်ထား၍ ရှေးဦးမီးငြိမ်းသတ်ခြင်းများပြုလုပ်၍ အရင်ဆုံးငြိမ်းသတ်ရမည်ဖြစ်ကြောင်း သိရသည်။

**(ကေသိန်းဆွေ)**

**မီးဘေးရှောင် မလောင်ခင်တား**

# ဆူးလေနံနက်ခင်း

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆူးလေကားမှတ်တိုင်သည် ခရီးသည်အများစုအားထားရာ ကားမှတ်တိုင်တစ်ခုဖြစ်သည်။ အကြောင်းကိစ္စအမျိုးမျိုးဖြင့် သွားလာနေကြသော ခရီးသည်များအတွက် စုရပ်တစ်ခုဖြစ်သလိုနိုင်ငံခြားခရီးသွားဧည့်သည်များ အသွားအလာများသည့်နေရာလည်း ဖြစ်နေသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ခရီးသွားပြည်သူများ မိမိအလိုရှိရာ ခရီးမရောက်မီ ခေတ္တအမောပြေအပန်းဖြေနိုင်စေရန် နားခိုဆောင်ငါးခုနှင့် ခုံတန်းရှည်များကို ထိုင်နားချင်စဖွယ် ပြုလုပ်လှူဒါန်းထားသည်။ ညအချိန်တွင်လည်း ဆလိုက်မီးများဖြင့် လင်းလင်းရှင်းရှင်း နားခိုနေနိုင်ပေသည်။ ထိုကဲ့သို့ ခရီးသည်များအတွက် နားခိုရန်သတ်မှတ်ထားသောနေရာများတွင် လမ်းပေါ်၌ ကျင်လည်ကျက်စားလှည့်လည်နေထိုင်ကြသူများသည် မိုးစင်စင်လင်း၍ ထင်သာမြင်သာရှိလာသည့်အချိန်ထိတိုင်အောင် ပြည်သူအနားယူမည့် နေရာများမှာ အမြင်မလှသည့် ပုံစံများက ခရီးသွားများကို စိတ်အနှောင့်အယှက်ဖြစ်စေပါသည်။ စည်းကမ်းမဲ့ ထိုလုပ်ရပ်များသည် တစ်နေ့တည်း မဟုတ်တော့ပေ။ ရက်ဆက်နီးပါးဖြစ်နေခဲ့သည်။ မကြာမီအချိန်တွင် ဆီးဂိမ်းအားကစားပြိုင်ပွဲအတွက် နိုင်ငံခြားသားအမြောက်အမြားလာရောက်ကြတော့မည်ဖြစ်ပါသည်။ ယာဉ်အသွားအလာများပြီး လူစည်ကားရာ မြို့လယ်ဆူးလေကားမှတ်တိုင်က အကျည်းတန်အရုပ်ဆိုးစေမည့်မြင်ကွင်းရှုကွင်းများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများနှင့် ပြည်သူအားလုံး ဝိုင်းဝန်းထိန်းသိမ်းနိုင်ကြရန် အကြံပြုရေးသားလိုက်ပါသည်။

**(၇၀၁)**

# တောင်သူတို့ ခေတ်မီစက်ကိရိယာများ မောင်းနှင်တော့မည်

**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ စက်မှုလယ်ယာကူးပြောင်းရေး ရည်မှန်းချက်အတွက် လယ်ယာလုပ်ငန်းခွင်တွင် လယ်ယာသုံးစက်ကိရိယာများ အပြည့်အဝသုံးစွဲနိုင်ရေး ရည်မှန်းချက်ထားရှိကာ စက်မှုလယ်ယာဦးစီးဌာနနှင့် အခြားဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းများမှ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်တင်သွင်းလျက်ရှိသည်။ ယခုအခါ Bright Light Co.,Ltd. နှင့် ပူးပေါင်းကာ စပါးရိတ်သိမ်းခြွေလှေ့စက်များအား တောင်သူများ ပြုပြင်ထိန်းသိမ်းနိုင်ရန်နှင့် စနစ်တကျ မောင်းနှင်နိုင်ရန် တောင်သူပညာပေး သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၈ ရက် နံနက်က သန်လျင်မြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၈) ထွန်စက်စခန်း၌ ကျင်းပခဲ့သည်။

ဤသင်တန်းဖွင့်လှစ်ခြင်းကြောင့် တောင်သူလယ်သမားများ စပါးရိတ်သိမ်းခြွေလှေ့စက်များကို စနစ်တကျ အသုံးပြုမောင်းနှင်လာနိုင်ပါက အရည်အသွေးကောင်းမွန်၍ အလေအလွင့်နည်းပါးသော အထွက်ကောင်းစပါးများ ရရှိလာခြင်း၊ ဒေသ၏လုပ်သားရှားပါးမှုနှင့် ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေများကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ တောင်ပိုင်းခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်နှင့် အမှတ်(၁၈) ထွန်စက်စခန်း (သန်လျင်)မြို့နယ် ဦးစီးမှူး ဦးထွန်းထွန်းတို့က ရှင်းပြသည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တောင်ပိုင်းခရိုင် အရှေ့ခြမ်းမြို့နယ်များမှ ဒေသခံတောင်သူ ၅၄ ဦးတက်ရောက်လျက်ရှိပြီး မောင်းနှင်ထိန်းသိမ်းခြင်းအတွက် ရိတ်သိမ်းခြွေလှေ့စက် လေးစီး၊ ပြင်ဆင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက် သုံးစီးတို့ဖြင့် ၁၀ ရက်ကြာ စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

ကျေးလက်နေတောင်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ဒေသရေမြေနှင့်ကိုက်ညီသည့် စိုက်ပျိုးပြီးဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်စပါးများ အလေအလွင့်မရှိ ရိတ်သိမ်းခြွေလှေ့နိုင်ရေးအတွက် ခေတ်မီစက်ကိရိယာများ**(အောက်ပုံ)**ကို တောင်သူများ ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်ခြင်းဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**သန်းဝင်း(သန်လျင်)**



# လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့










# ပြင်သစ်နိုင်ငံရှိ ကမ္ဘာ့သက်တမ်းအရင့်ဆုံးရုပ်ရှင်ရုံကြီး ပြန်လည်ဖွင့်လှစ်ရန်စီစဉ်

မျိုးစန္ဒာမောင်-ရေးသားသည်

ကမ္ဘာ့ပထမဆုံးသော ရုပ်ရှင်ဖလင်ကို တီထွင်ဖန်တီးခဲ့ကြသူများဖြစ်သည့် Lumière ညီနောင်၏ ရုပ်ရှင်ဇာတ်ကားကို ၁၈၉၉ ခုနှစ်တွင် စတင်ပြသခဲ့သည့် ပြင်သစ်နိုင်ငံ La Ciotat မြို့ရှိ ကမ္ဘာ့သက်တမ်းအရင့်ဆုံး (Eden) အေဒင်ရုပ်ရှင်နှင့်ပြဇာတ်ရုံကြီးကို ပြင်ဆင်မွမ်းမံကာ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ရုံကြီးကို ၁၉၉၅ ခုနှစ်က စတင်ပိတ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ကတ္တီပါထိုင်ခုံများ၊ ရောင်စုံဖန်ကျောက်များဖြင့် စီခြယ်ထားသည့် ပန်းချီကားများ၊ ဝက်သစ်ချသားနှင့် ပြုလုပ်ထားသော ကော်ဇောများအား အစားထိုးလဲလှယ်ခြင်း စသည့် ပြန်လည်ပြင်ဆင်ခြင်းများ ပြုလုပ်ကာ ဖွင့်လှစ်သွားမည်ဖြစ်သည်။ ပြင်သစ်အနုပညာရှင်များ အနေဖြင့်လည်း ရုပ်ရှင်ရုံကြီးတွင် ရှေ့ဆုံးခုံမှနေရာယူတက်ရောက်နိုင်ရန် မျှော်လင့်ထားကြသည်။

Lumière ညီနောင်သည် ၁၈၉၉ ခုနှစ် မတ် ၂၁ ရက်တွင် ယင်းရုပ်ရှင်ရုံကြီး၌ ၎င်းတို့တီထွင်ဖန်တီးထားသည့် ပထမဆုံးသော ရုပ်ရှင်ဇာတ်ကားကို ပြသနိုင်ခဲ့ပြီး နောက်ပိုင်းတွင် အေဒင်ရုပ်ရှင်ရုံကြီးကို ရုပ်ရှင်နှင့်ပြဇာတ်ရုံကြီးအဖြစ် ပူးတွဲအသုံးပြုလာကြသည်။ ၁၉၈၀ ပြည့်နှစ်တွင် အေဒင်ရုပ်ရှင်ရုံပိုင်ရှင် အသတ်ခံခဲ့ရပြီးနောက် ယင်းရုပ်ရှင်ရုံကြီးတွင် ရုပ်ရှင်ပြသမှုများ နည်းပါးလာကာ ပြင်သစ်ရုပ်ရှင်ပွဲတော်များကျင်းပသည့်ကာလ၌သာ ပွဲတော်အဖွင့်ပွဲတွင် ပြသမည့် ပြင်သစ်ဘာသာစကားရုပ်ရှင်ပြသရန်အတွက် တစ်နှစ်လျှင် ရက်သတ္တတစ်ပတ်သာ ဖွင့်လှစ်သည်မှာ ၁၉၉၅ ခုနှစ် အထိဖြစ်သည်။



အဆိုပါကမ္ဘာ့သက်တမ်းအရင့်ဆုံး ရုပ်ရှင်ရုံကြီးကို ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ဒေသတွင်းအာဏာပိုင်များမှ ယူရိုခြောက်သန်းထောက်ပံ့ပေးခဲ့ပြီး မွမ်းမံပြင်ဆင်ပြီးပါက ယင်းရုပ်ရှင်ရုံကြီးကို သာမန်ရုပ်ရှင်ရုံတစ်ရုံအဖြစ် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ကမ္ဘာလှည့်ခရီးသွားများအနေဖြင့်လည်း ဝင်ရောက်လေ့လာနိုင်ကြမည်ဖြစ်သည်။

Lumière ညီအစ်ကိုနှစ်ဦးတီထွင်ခဲ့သည့် ပထမဆုံးသော စက္ကန့် ၅၀ ကြာ A Train Arriving At La Ciotat Station အမည်ရှိဇာတ်ကားကို အမှတ်တရ ဂုဏ်ပြုသည့်အနေဖြင့် အေဒင်ရုပ်ရှင်ရုံကြီး၏အပြင်ဘက်မျက်နှာစာပိုင်းကို လေဆာမီးများဖြင့် မီးရထားပုံစံအလှဆင်သွားမည်ဖြစ်ကြောင်းသိရသည်။

ထိုင်ခုံပေါင်း ၁၆၆ ခုံပါဝင်သည့် အဆိုပါပြဇာတ်နှင့် ရုပ်ရှင်ရုံကြီးကို ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် ကျောင်းသားကျောင်းသူကလေးသူငယ်များကို လေ့လာခွင့်ပေးရန်နှင့် ဇာတ်ကားဟောင်းများ ပြန်လည်အသက်သွင်းပြသခြင်းနှင့် ရုပ်ရှင်ပွဲတော်များ လက်ခံကျင်းပနိုင်ရေးတို့ကိုလည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

# နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ တိုက်စစ်မှူးဘယ်လာမီအနားယူမည်



ဝေလအသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်ပြီးဆုံးပါက နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူမည်ဖြစ်ကြောင်း တိုက်စစ်မှူးဘယ်လာမီက လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့သည်။

အသက်(၃၄)နှစ်အရွယ် ကာဒစ်ဖ်စီးတီးတိုက်စစ်မှူး ဘယ်လာမီသည် ၁၉၉၈ ခုနှစ်မှစတင်ကာ ဝေလ လက်ရွေးစင်အသင်းတွင် ပါဝင်ကစားပေးခဲ့ပြီး လက်ရှိအချိန်ထိ ဝေလအသင်းအတွက် ၇၆ ပွဲနိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အပြင် သွင်းဂိုး ၁၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။

ဘယ်လာမီသည် အောက်တိုဘာ ၁၁ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဝေလအသင်း၏ ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်ဖြစ်သည့် မက်ဆီဒိုးနီးယားအသင်းနှင့် ပွဲစဉ်တွင် ၎င်း၏ အိမ်ကွင်းနောက်ဆုံးပွဲစဉ်အဖြစ် ပါဝင်ကစားမည်ဖြစ်ကြောင်းလည်း သိရသည်။

၁၉၉၈ ခုနှစ်က ဂျမေကာအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ဝေလအသင်းအတွက် စတင်ပွဲထွက်ကစားပေးခဲ့ပြီး မယ်လ်တာအား သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည့် ပွဲစဉ်တွင် နိုင်ငံအသင်းအတွက် ပထမဆုံးဂိုးသွင်းယူပေးခဲ့သည်။ ၂၀၀၆ ခုနှစ်အောက်တိုဘာတွင် နိုင်ငံအသင်းခေါင်းဆောင်ဖြစ်လာပြီး လီဗာပူးအသင်း၊ ဆဲလ်တစ်အသင်းနှင့် နယူးကာဆယ်အသင်းတို့တွင်လည်း ပါဝင်ကစားပေးခဲ့သူဖြစ်သည်။ လက်ရှိတွင် ပရီမီယာလိဂ်ကလပ် ကာဒစ်ဖ်စီးတီးအသင်းတွင် ကစားလျက်ရှိပြီး ဝေလအသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲပြီးဆုံးပါက နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူမည်ဖြစ်ကြောင်း ဘယ်လာမီက ဆိုသည်။

ငွေကြယ်

## ဝလာဒီမာကလစ်ရှ်ကိုနှင့် ပန်နက်တီယာ စေ့စပ်လိုက်ပြီ



ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဝလာဒီမာကလစ်ရှ်ကိုနှင့် အမေရိကန်သရုပ်ဆောင်မင်းသမီး ပန်နက်တီယာတို့သည် ငါးနှစ်နီးပါးလက်တွဲခဲ့ပြီးနောက် စေ့စပ်လိုက်ပြီဖြစ်ကြောင်းသိရသည်။ ၎င်းတို့ စုံတွဲသည် ၂၀၀၉ ခုနှစ်မှ စတင်၍ လက်တွဲခဲ့ကြပြီး နှစ်နှစ်နီးပါးကြာ အဆက်အသွယ်ပြတ်တောက်နေရာမှ ယခုနှစ်အစောပိုင်းတွင် နွေးထွေးသောမေတ္တာနှင့်အတူ ပြေပြစ်သောဆက်ဆံရေးတစ်ရပ် ပြန်လည်ရရှိကာ ကြင်ဖော်နှင့်ဝေး မဖြစ်စေရေးအတွက် တရားဝင်စေ့စပ်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဝလာဒီမာကလစ်ရှ်ကိုနှင့် ပန်နက်တီယာတို့၏ စေ့စပ်ပွဲကို ကလစ်ရှ်ကိုက ပိုဗက်ကင်အား အနိုင်ရရှိခဲ့သည့် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံလုပွဲအပြီး လေးရက်အကြာတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်သရုပ်ဆောင်မင်းသမီး ပန်နက်တီယာက အခိုင်အမာပြောကြားခဲ့သည်။သို့ရာတွင် လက်ထပ်ပွဲကျင်းပမည့်ရက်ကိုမူ မစီစဉ်ရသေးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

## အီတလီအသင်းက ပြန်ခေါ်ခဲ့ခြင်းကြောင့် ဘယ်ဇာရက်တီ ဝမ်းမြောက်

အသက်(၃၁)နှစ်အရွယ်ရှိ ဘယ်နောက်ခံကစားသမား ဘယ်ဇာရက်တီသည် ၂၀၁၂ ခုနှစ် နိုဝင်ဘာ လမှစတင်ကာ အီတလီအသင်းတွင် ပါဝင်ခွင့်မရရှိခဲ့သော်လည်း လက်ရှိတွင် ရိုးမားအသင်း၌ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် အီတလီအသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အတွက် အသင်းသို့ ပြန်လည်ခေါ်ယူခဲ့ကြောင်း သိရသည်။ ထိုသို့ အီတလီအသင်းက အယ်လ်မေးနီးယားအသင်း၊ ဒိန်းမတ်အသင်းများနှင့် ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အတွက် ပြန်လည်ခေါ်ယူခဲ့ခြင်းကြောင့် ဝမ်းမြောက်မိပါကြောင်း ရိုးမားနောက်တန်းကစားသမား ဘယ်ဇာရက်တီက ထုတ်ဖော်ပြောကြားခဲ့သည်။







## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ကြော်ငြာစာအမှတ်(၂/၂၀၁၃)

၁။ တရားရေးဝန်ထမ်းအဆင့် (၄)ရာထူးနေရာများ ရွေးချယ်ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို ၉-၁၁-၂၀၁၃ရက်(စနေနေ့)တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ တစ်ပြိုင်တည်း ကျင်းပပြုလုပ် မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၂။ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို မိမိတို့လျှောက်လွှာတင်သွင်းခဲ့သော တိုင်းဒေသကြီး/ပြည်နယ်အလိုက် အောက်ပါအစီအစဉ်အတိုင်း ရုံးချိန်အတွင်း ဖြေဆိုမည့်သူကိုယ်တိုင် လာရောက်ထုတ်ယူရမည်။

| | စာမေးပွဲဖြေဆိုခွင့် ကတ်ပြားထုတ်ယူရမည့်နေရာ | ထုတ်ယူရမည့် နေ့ရက် |
|---|---|---|
| ကချင်၊ကယား၊ချင်း၊ စစ်ကိုင်း၊မကွေး၊ မန္တလေး၊ ရှမ်း | မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေး ဦးစီးမှူးရုံး | ၅-၁၁-၂၀၁၃ မှ ၈-၁၁-၂၀၁၃ထိ |
| ကရင်၊တနင်္သာရီ၊ပဲခူး၊ မွန်၊ရခိုင်၊ရန်ကုန်၊ ဧရာဝတီ | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေး ဦးစီးမှူးရုံး | ၅-၁၁-၂၀၁၃ မှ ၈-၁၁-၂၀၁၃ ထိ |

(စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများ လာရောက်ထုတ်ယူရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း ပြသရမည်ဖြစ်ပါသည်။)

၃။ ခုံအမှတ်စာရင်း၊ စာမေးပွဲအချိန်ဇယားနှင့် ဖြေဆိုရမည့်နေရာများကို ၅-၁၁-၂၀၁၃ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံးနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံးတို့တွင် ကြော်ငြာထားပါမည်။

မှတ်ချက်။ ။(စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို စာပိုဒ် ၂ပါ သတ်မှတ်ရက်များအတွင်း လာရောက်ထုတ်ယူရန်ဖြစ်သည်။ သတ်မှတ်ရက်ကျော်လွန်ပါက ထုတ်ပေးမည်မဟုတ်ပါ။)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

သာယာဝတီမြို့သစ်ပြည်သတင်း

## ပခုက္ကူဒေသ မြင်းလှည်းလုပ်ငန်း ပပျောက်စပြုလာ

**ပခုက္ကူ အောက်တိုဘာ ၁၀**

ပခုက္ကူဒေသတွင် လမ်းပန်းဆက်သွယ်မှုအားကောင်းလာပြီး မြို့နယ်ကျေးရွာချင်းဆက်လမ်းပိုင်းများ ဖွံ့ဖြိုးမှုမြင့်မား၍ မြင်းလှည်းများပပျောက်စပြုလာကြောင်း ဒေသခံများကပြောသည်။ ၁၉၇၇-၇၈ခုနှစ်များသည် မြင်းလှည်းခေတ်အကောင်းဆုံးဖြစ်ကာ ၃၅၀စီးအထိရှိခဲ့ကြောင်းလည်း သိရသည်။ယနေ့ခေတ်တွင်မူ လယ်ယာ၊ ချောက်ကန်၊ အေးကျွန်း၊တင်းဂါတ်ရွာများပေါင်းမှ ၁၇ စီးသာရှိတော့သည်ဟုသိရသည်။ "၁၉၉၉ခုနှစ်မှာ ထော်လာဂျီတွေပေါ်လာတော့ မြင်းလှည်းတွေအလုပ်ပါးလာတယ်၊ ဆိုင်ကယ်တွေများလာတော့ မြင်းလှည်းသမားတွေမကိုက်တော့ဘူး၊ ပခုက္ကူ ဧရာဝတီတံတားကြီးလည်းပြီးရော စီးရေ ၁၀၀ ကျော်ပဲ ရှိတော့တယ်၊ ကျွန်တော်တောင် စက်တင်ဘာလကပဲ မြင်းကိုလေးသိန်းခွဲနဲ့ရောင်းလိုက်ပြီး ထော်လာဂျီထောင်လိုက်တယ်"ဟု မြင်းလှည်းနှင့်နှစ်ရှည်လများအသက်မွေးဝမ်းကျောင်းပြုခဲ့သူ ကိုဖိုးသောင်းကပြောသည်။မြင်းတစ်ကောင်၏စားစရိတ်မှာ တစ်နေ့ ၃၀၀၀ ဝန်း ကျင်ရှိသည်။ မြင်းကိုလိမ္မာပါးနပ်စွာ ခိုင်းလျှင် အနှစ် ၃၀ ထိခိုင်း၍ရသည်။မြင်းအထီးလေးသိန်းခွဲ၊ မြင်းမ ၁၀ သိန်းဝန်းကျင်ရှိသည်။ မြင်းသည် တစ်နှစ်တစ်သားကျသည်။ မွေးပြီး တစ်နှစ်ခွဲသားရှိလျှင်ခိုင်းနိုင်သည်။ တစ်နှစ်ခွဲသားအရွယ် မြင်းချောမြင်းမဆိုပါက၁၀ သိန်းအထိ ဈေးပေးဝယ်ကြသည်။ "မြင်းကောင်းတာ၊ မာတာ၊ အကြမ်းခံတာ၊ ဂန့်ဂေါဒေသမင်းမနိုင်နယ်က အကောင်းဆုံးပဲ၊ မြစ်ခြေမြင်းကလှတယ်၊ ချောတယ်၊ ဒါပေမယ့် အကြမ်းမခံဘူး"ဟု ကိုဖိုးသောင်းက ဆက်လက်ပြောသည်။မြင်းလှည်းအိမ်တွင် သံအိမ်-အသားအိမ် ၇ သောင်းခန့်ဈေးရှိသည်။ပခုက္ကူဒေသမြင်းလှည်းသမားများသည် မြင်းလှည်းလုပ်ငန်း မတွင်ကျယ်သော်လည်း အလှူရှင်လောင်းနှင့် ဘုရားပွဲလှည့်ရာတွင် တစ်နေကုန်တစ်သောင်းမှ တစ်သောင်းခွဲနှုန်း အငှားလိုက်နေကြောင်း သိရသည်။

**နေဦးမောင် (ပခုက္ကူ)**

## မန္တလေးမြို့ ကလစ်ဆိုင်ကယ်ဈေးကွက် အရောင်းအဝယ်သွက်

**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးမြို့ ဆိုင်ကယ်ဈေးကွက်တွင် လူငယ်ကြိုက် အော်တိုဂီယာ အမျိုးအစားဖြစ်သော ကလစ်ဆိုင်ကယ်များ အရောင်းအဝယ်သွက်လျက်ရှိကြောင်း ဆိုင်ကယ်ပွဲစားများထံမှ သိရသည်

ယခင် တရုတ်နိုင်ငံထုတ် CZI အမျိုးအစားဆိုင်ကယ်များ အရောင်းသွက်ခဲ့သော်လည်း ယခုအချိန်တွင် အဆိုပါ ကလစ်ဘီးများ ဈေးကွက်အတွင်း အစားထိုးနေရာယူလျက်ရှိကြောင်း ဆိုင်ကယ်ဝယ်ရောင်း လုပ်ကိုင်သူ ကိုမဟာလွင်က ပြောသည်။

"ယခုရက်ပိုင်းမှာ ကလစ်ဘီးတွေ တော်တော်လူကြိုက်များလာတယ်၊ အဓိက လူငယ်တွေ အများဆုံးဝယ်စီးကြတယ်။ တချို့ဆို လက်ရှိစီးနေတဲ့ ဆိုင်ကယ်ကို ကလစ်ဘီးနဲ့ အလိုက်ပေးဝယ်ယူကြတာတွေအထိ ရှိလာတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိ ကလစ်ဆိုင်ကယ်တစ်စီးဈေးနှုန်းမှာ ကုမ္ပဏီမှ တိုက်ရိုက်ဝယ်ယူဈေး ၁၉ သိန်းဝန်းကျင်ရှိပြီး ဆိုင်ကယ်ဝိုင်းတွင် ရောင်းဈေးမှာ ဆိုင်ကယ်မော်ဒယ်ကိုကြည့်၍ ဈေးပေးဝယ်ယူကြောင်း ၎င်းက ပြောသည်။

ထို့အပြင် ယခင်ဈေးကွက်တွင် အရောင်းအဝယ်ကျဆင်းနေသည့် ဂျပန်နိုင်ငံထုတ် စူပါကပ်ဆိုင်ကယ်များမှာလည်း အရောင်ကိုလိုက်၍ ဈေးနှုန်းမြင့်တက်လာကာ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း၊ ထိုင်းနိုင်ငံထုတ် အော်တိုဂီယာအမျိုးအစား စကိုဘီဆိုင်ကယ်များမှာလည်း ယခုဈေးကွက်တွင် ကလစ်ဘီးပြီးလျှင် ဒုတိယ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားတစ်ဦးက ထပ်မံပြောကြားသည်။

"ဂျပန်ဘီးတွေက အခုတလော အရောင်းအဝယ်ပြန်ဖြစ်လာတယ်။ စိမ်းရွှင်၊ စိမ်းပုပ်နဲ့ ခဲရောင်တို့က ၁၅ သိန်းဝန်းကျင်အထိ ရှိလာပြီး ဝိုင်းထဲမှာ ကောက်ဈေးက ရှစ်သိန်းဝန်းကျင်ထိ ရှိလာတယ်" ဟု ၎င်းက ပြောသည်။

မန္တလေးတွင် ဆိုင်ကယ်အရောင်းကုမ္ပဏီများပြားလာမှုကြောင့် ဝယ်ယူသူများမှာ ဝယ်ရောင်းများမှတစ်ဆင့် ဝယ်ယူမှု နည်းပါးလာပြီး အဆိုပါ ကုမ္ပဏီများမှ စိတ်ကြိုက်ဝယ်ယူလာမှုများရှိလာကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## အောင်ပန်းမြိုင် လူမှုကူညီရေးအသင်း ဂုဏ်ပြုလွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အောင်ပန်းမြိုင် လူမှုကူညီရေးအသင်းမှ အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို ခနေသိဒ္ဓိရပ်ကွက်နှင့် ဉာဏသိဒ္ဓိရပ်ကွက်ရှိ သဒ္ဓမ္မဝေပုလ္လ ပရိယတ္တိစာသင်တိုက်၌ အောက်တိုဘာ ၆ ရက်မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် သဒ္ဓမ္မဝေပုလ္လ ပရိယတ္တိစာသင်တိုက် ဩဝါဒါစရိယဆရာတော် ဦးစာရိတ္တထံမှ ငါးပါးသီလခံယူ၍ အောင်ပန်းမြိုင် လူမှုကူညီရေးအသင်းသို့ အလှူငွေများ လှူဒါန်းသော အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အောင်ပန်းမြိုင် လူမှုကူညီရေးအသင်းအား ဩဝါဒါစရိယ ဆရာတော်ဦးစာရိတ္တ(သဒ္ဓမ္မဝေပုလ္လ ပရိယတ္တိ စာသင်တိုက်)ကျောင်းထိုင်ဆရာတော် ကြီးမှူး၍ စက်တင်ဘာ ၁၄ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး နာရေးကိစ္စများအား အခမဲ့ကူညီဆောင်ရွက်လျက်ရှိရာ နာရေးကိစ္စတစ်ခုဖြစ်ပေါ်လာလျှင် အသင်းသို့ ဆက်သွယ်ပါက ဆေးရုံ (သို့) နေအိမ်မှ ရေခဲတိုက်သို့ ပို့ဆောင်ပေးခြင်း၊ မီးသဂြိုဟ်မည့် ရက်တွင် အလောင်းအား ပြင်ဆင်ပေးခြင်း ရေသန့်ဘူး၊ ယပ်တောင်တို့အား လှူဒါန်းခြင်း၊ကျန်းမာရေးအတွက် သွေးလှူဒါန်းခြင်း၊ ယာဉ်တိုက်မှုဖြစ်ပွားပါက လူနာများအား ဆေးရုံသို့ ပို့ဆောင်ပေးခြင်းများဆောင်ရွက်လျက်ရှိပြီး အသင်းသို့ဆက်သွယ်အကူအညီတောင်းခံလိုပါက ဦးစာရိတ္တ(ဆရာတော်)ဖုန်း-၀၉-၃၁၃၄၄၉၃၈၊ ဦးစောလင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဖုန်း-၀၉-၄၉၂၉၈၅၅၃၊ ဦးစန်းမောင် ဖုန်း-၀၉-၄၂၈၁၂၅၁၆၀နှင့် ဦးစိုင်းဇော်ဇော် ဖုန်း-၀၉-၄၂၀၇၂၈၅၁၉တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

မလှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစက်ချုပ်သင်တန်း(၃/၂၀၁၃) ကို အောက်တိုဘာ ၇ ရက်မှစတင်၍ လယ် /ဆည်ဓမ္မာရုံ၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ **(အောင်ငွေး-မလှိုင်)**

## ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ပညာပေးဟောပြော

**ကျောက်ပန်းတောင်း**
**အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျောင်းသားကျောင်းသူလေးများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိနားလည်စေရန်နှင့် ယာဉ်ထိခိုက်မှု အန္တရာယ်လျော့နည်းကျဆင်းစေရန် ရည်ရွယ်၍ မြို့နယ်ပညာရေးမှူးရုံးနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းတို့ ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲများကို အခြေခံပညာကျောင်းများတွင် ကျင်းပလျက်ရှိရာ အောက်တိုဘာ ၈ ရက် မွန်းလွဲ ၁ နာရီက သာယာအေးရပ်ကွက် လေးရွာအခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူးမြင့်အောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိရှိလိုက်နာရမည့် အချက်များကို ရှင်းလင်းဟောပြောပြီး စာအုပ်နှင့် စာရေးကိရိယာများကို ဂုဏ်ပြုလက်ဆောင်အဖြစ်ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။

**(၆၂၈)**



စီးပွားရေးကြော်ငြာ




# ပျော်ရွှင်စေမယ့် နည်းလမ်း (၁၀) သွယ်

(၁) ပြောင်းလဲပစ်လို့မရနိုင်တဲ့အရာအတွက် အရှိကိုအရှိအတိုင်းသာလက်ခံပေးလိုက်ပါ။ ( ဒီလိုပါပဲ လောကကြီးမှာ ဖြစ်ချင်တာရယ်၊ ဖြစ်သင့်တာရယ်၊ ဖြစ်လာတာရယ်ဆိုတာတွေဟာ ဘယ်တော့မှ တစ်ထပ်တည်းမကျနိုင်ပါဘူးလေ)

(၂) သင့်ကိုအကောင်းမမြင်၊ အထင်သေးတဲ့ ပတ်ဝန်းကျင်မှာနေရတာ (လုံးဝ) မပျော်ပိုက်ဘူးဆိုရင်တော့ သင်ကစပြီး အဲဒီပတ်ဝန်းကျင်က ခွဲထွက်လိုက်ပါ။ (လူ့ဘဝကသိပ်တိုလို့ မိမိရဲ့စိတ်ဆန္ဒကို ချိုးနှိမ်ပြီး နေစရာမလိုအပ်ပါဘူး)

(၃) စိတ်ညစ်ညူးလာတဲ့အခါ မိမိအကြိုက်ဆုံးသီချင်းကို ဖွင့်နားထောင်ပြီး သီချင်းလိုက်ဆိုပါ (သို့မဟုတ်) တေးသွားလေးတွေကို မျက်လုံးလေးမှိတ်ပြီး စိတ်လွတ်၊ ကိုယ်လွတ် လိုက်ပြီးညည်းတွားပေးပါ။ (စိတ်ပျို ကိုယ်နုစေပြီး မမြင်ရတဲ့ အားသစ်တွေရလာစေပါတယ်)

(၄) စိတ်မကျေနပ်ချက် တစ်စုံတစ်ရာခံစားရတဲ့အခါ အပြေးလေ့ကျင့်ခန်းလုပ်ပါ။ မကျေနပ်တာတွေ အနည်ထိုင်သွားတဲ့အထိ ဆက်ပြေးလိုက်ပါဦး။ (တဖြည်းဖြည်းမောလာတဲ့ခံစားချက်က စိတ်မကျေနပ်မှုတွေကို ပြေပျောက်သွားစေတဲ့ အကောင်းဆုံးအစားထိုးမှုလေးပါပဲ)

(၅) ဝမ်းနည်းစိတ်ခံစားရတဲ့အခါမျိုးမှာ မိမိအချစ်ရဆုံးသူ လူ(သို့မဟုတ်) တိရစ္ဆာန်ရဲ့ နာမည်ကို မိမိနားနဲ့ကြားရရုံလောက် အဖန်တလဲလဲ ထပ်ခါထပ်ခါ ခေါ်ပေးပါ။ (အဲဒီနည်းက စိတ်ပျော်ရွှင်စေမယ့် အကောင်းဆုံးနဲ့ အထိရောက်ဆုံးနည်းလေးဖြစ်ပါတယ်)

(၆) တစ်ခါမှမသိမမြင်ဖူးတဲ့ မျက်နှာစိမ်းယောကျ်ား (သို့မဟုတ်) မိန်းမ တစ်ယောက်ယောက်ကို အားရပါးရ အပြုံးလက်ဆောင်ပေးလိုက်ပါ။(တစ်ဖက်လူရဲ့ရောင်ပြန်ဟပ်လာတဲ့အပြုံးက သင့်ကိုမထင်မှတ်တဲ့ စိတ်ခွန်အားဖြစ်စေပါတယ်)

(၇) မိတ်ဆွေ၊ သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်၊ လက်အောက်ငယ်သားတွေရဲ့ လုပ်ဆောင်ချက်တစ်ခုခုအတွက် အနည်းဆုံး စကားလေးနဲ့ပဲဖြစ်ဖြစ် အသိအမှတ်ပြုချီးကျူးဂုဏ်ပြုစကားပြောပေးလိုက်ပါဦး။ (အပြန်အလှန် ယုံကြည်မှုဆိုတဲ့ ခံစားချက်က သင့်ကိုနွေးထွေးလုံခြုံမှုပေးပါတယ်)

(၈) မိမိကိုယ်ကိုပဲဖြစ်စေ၊ တခြားသူအပေါ်မှာဖြစ်စေ မချိတင်ကဲ



မကျေနပ်ချက်တွေ့လာခဲ့ရင် ပါးစပ်က ထုတ်ပြောမနေပါနဲ့။ စာရွက်တစ်ရွက်ပေါ် ပျစ်ပျစ်နှစ်နှစ် စိတ်ကြိုက်ရေးချလိုက်ပါ။ပြီးရင် အဲဒီစာရွက်ကိုအစိပ်စိပ်အမွှာမွှာဆွဲဆုတ်လိုက်ပါ(သို့မဟုတ်) မီးရှို့ပစ်လိုက်ပါ။ (အဲဒီစာရွက်နဲ့အတူ မကျေနပ်တာတွေအားလုံး ဇာတ်သိမ်းသွားပြီမို့ စိတ်လက်ပေါ့ပါးသွားပြီပေါ့ရှင်)

(၉) အကြိုက်ဆုံးရုပ်ရှင် (သို့မဟုတ်) အကြိုက်ဆုံးဝတ္ထုစာအုပ်ကို အစကနေပြန်ကြည့်ပါ။ (အကြိုက်ဆုံးခံစားမှုတွေကသင့်ကို စိတ်ကျေနပ်မှုဖြစ်စေနိုင်လို့ပါပဲ)

(၁၀) "သူများတွေမှာ မရှိ၊ မသိ၊ မရနိုင်တဲ့ မွေးရာပါ ကိုယ်ရည်ကိုယ်သွေး ငါ့မှာရှိနေတယ်၊ ငါလုပ်နိုင်တယ်" ဆိုတဲ့မိမိကိုယ်ကို ယုံကြည်ချက်ထားပါ။ (မိမိကိုယ်ကို ယုံကြည်ချက် အပြည့်အဝရှိနေရင် ဘယ်ပြင်ပယောဂမျှ အလဲထိုးခံရမှာ မဟုတ်တော့ဘူးပေါ့)။ ။ **ပေါက်ပေါက်**

# မြစ်ကျောက်စုပ်မော်တော်များအား တားဆီးပေးရန် မြဝန်းစန္ဒာရွာသားများလိုလားလျက်ရှိ

**မြန်အောင် အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မြဝန်းစန္ဒာကျေးရွာအနီး ရွာဘေးနားကပ်ကာ ဧရာဝတီမြစ်အတွင်း မြစ်ကျောက်စုပ်ယူခြင်းများကို အောက်တိုဘာ ၁ ရက်က ဆောင်ရွက်လျက်ရှိသည်။

မြဝန်းစန္ဒာရွာသည် ယခုနှစ် ဧရာဝတီမြစ်ရေ တိုးသောအချိန်တွင် မြစ်ကမ်းပါးများပြိုကျသဖြင့် အခြေခံပညာမူလတန်းကျောင်း ဖျက်ထားရသော ရွာလေးတစ်ရွာဖြစ်သည်။ မြစ်ကျောက်စုပ်လုပ်ငန်း လုပ်ကိုင်သူများသည် မြစ်ကျောက်မစုပ်ရန် တားမြစ်ထားသည့်ကြားမှ အောက်တိုဘာ ၁ ရက်တွင်စတင်ကာ မြစ်ကျောက်များကို မော်တော်များဖြင့် စုပ်ယူလျက်ရှိသည်။**(အောက်ပုံ)**

ယခုအခါ မြဝန်းစန္ဒာရွာသည် နဂိုရှိသည့်မြေထက် ထက်ဝက်ခန့်သာ ကျန်ရှိပါသဖြင့် ကျန်ရှိသောမြေများ ဆက်လက်ပြိုမကျရေးအတွက် ကျောက်စုပ်မော်တော်များအား သက်ဆိုင်ရာမှတားမြစ်ပေးရန်ကျေးရွာသူ ကျေးရွာသားများက လိုလားလျက်ရှိကြောင်း သိရသည်။**နေဝင်းဇော်(မြန်အောင်)**



# ကမ္ဘာ့ဆရာများနေ့အခမ်းအနား မုဒုံ၌ ကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၁၀**

မွန်ပြည်နယ် မုဒုံမြို့နယ် ပညာရေးဌာနမှ အောက်တိုဘာ ၅ ရက်က ကျရောက်ခဲ့သော ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို မုဒုံမြို့ အထက(၁) ရှင် အရဟံခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဖြိုးဝင်းက ကုလသမဂ္ဂမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားကာ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်စာစီစာကုံးဆုရ ကျောင်းသား ကျောင်းသူ ၁၂ ဦးတို့အား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ဆုများချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ မုဒုံမြို့နယ်အတွင်း အသက်(၆၀)နှင့်အထက် အငြိမ်းစား ဆရာကြီး ဆရာမကြီး ၂၈၂ ဦးတို့အား ပူဇော်ကန်တော့ပြီး အလှူငွေနှင့် လက်ဆောင်ပစ္စည်းများချီးမြှင့်ကြောင်း သိရသည်။ **(၃၀၇)**

## အစိုးရ/စီးပွားရေးကြော်ငြာ

### ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
### တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပစ္စည်းဌာနမှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို ဆောက်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းဆောင်ရွက်မည့်မြို့အမည် | လုပ်ငန်းအမျိုးအစား |
|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး၊ သယ်္ဃန်းကျွန်းမြို့နယ် | -သယ်္ဃန်းကျွန်းစာတိုက်၊ရှေ့မျက်နှာစာ ပေ(၇၀)အမြင့်(၆)ပေ ခြံစည်းရိုးကာရံခြင်း၊ ပေ(၆×၆) ချိန်းလင့်ဂိတ်တံခါးနှင့် ပေ(၆×၆) လူဝင်ပေါက်ပြုလုပ်ခြင်း၊ ဘယ်ဘက်မျက်နှာစာ ခြံစည်းရိုးကာရံခြင်း |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် | -သင်တန်းကျောင်းဝင်းအရာရှိနေအိမ်သုံးထပ်ဆောင်အတွက် ရေလှောင်ကန်ဆောက်လုပ်ခြင်း၊ ဂါလန်(၁၂၅၀၀)ဆန့် ပေ(၂၀×၁၀×၁၀) |

(၂) တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တစ်စောင်လျှင်(၁၀၀၀ိ/-)နှုန်းဖြင့် အောက်ဖော်ပြပါလိပ်စာတွင် ၁၅-၁၀-၂၀၁၃ ရက်မှ ၂၈-၁၀-၂၀၁၃ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တည်ဆောက်ရေးလုပ်ငန်း၊ စိစစ်ရေးကော်မတီ**
**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)**
**အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၂၅၀၁၁၀၊ ၃၈၅၈၅၉၊ ၂၅၆၇၆၁**



### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက် တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.16/HPGE/2013-2014
(က) Micom Relay (P 643) (4)Nos
Tender No.17/HPGE/2013-2014
(ခ) စက်ရုံများအတွက် Digital Meter (61)Nos
Tender No.18/HPGE/2013-2014
(ဂ) ကင်းတားနှင့်ဆည်တော်ကြီးစက်ရုံအတွက် 132KV LA (2)Sets
Tender No.19/HPGE/2013-2014
(ဃ) ရုံးချုပ်နှင့်စက်ရုံများအတွက် ဘက်ထရီအမျိုးအစား(၅)မျိုး (280)Nos

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၇ ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၃၈)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၁၆၈နှင့်၄၁၁၀၇၆**

### စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ အမှတ်(၂)ဆေးဝါးစက်ရုံ(အင်ရောင်း)အား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း (Expression of Interest)

စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ အမှတ်(၂)ဆေးဝါးစက်ရုံ(အင်ရောင်း)အား WHO GMP/PIC/S/Current GMP Guideline စသော နိုင်ငံတကာအသိအမှတ်ပြု ဆေးဝါးထုတ်လုပ်ရေး GMP နှင့်အညီ အနောက်တိုင်းဆေးဝါးများကို ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်၌ Brand ရရှိနေသော ပြည်ပ ဆေးကုမ္ပဏီများနှင့် ၎င်းကုမ္ပဏီများမှ Under License, Technical Supervision ဖြင့် ထုတ်လုပ်နိုင်သော ပြည်တွင်းကုမ္ပဏီများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ် ရှိပါသည်။

ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့်ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Expression of Interest-EOI)အား စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လိပ်မူလျက် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ရက် ညနေ ၃း၀၀နာရီ မြန်မာစံတော်ချိန်အရောက် ပေးပို့ရမည် ဖြစ်ပါသည်။ စိတ်ဝင်စားမှုလျှောက်လွှာပုံစံ၊ လမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများအား မိမိတို့၏ ကုမ္ပဏီဆိုင်ရာ အထောက်အထားများ ယူဆောင်ပြသလျက် အထက်ပါလိပ်စာတွင် ၇-၁၀-၂၀၁၃ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

ကုမ္ပဏီဆိုင်ရာအထောက်အထား

- သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်လက်မှတ်
- ကုမ္ပဏီ သင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း
- နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၀၆၇ ၄၀၈၁၉၅)

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့၏ မြောက်ဘက်(၁၂)မိုင်ခန့်အကွာ၊ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း၏ Conventional Vibrated Concrete (CVC) ကွန်ကရစ်ဖျော်စပ်၊ သယ်ပို့၊ သွန်းလောင်းခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။
၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၂၁-၁၀-၂၀၁၃ရက်၊ ၁၆း၃၀ နာရီ
Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍တင်သွင်းရမည့်ရက် - ၇-၁၁-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ
၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များအား Price Proposal တင်သွင်းရန် ဌာနမှ အကြောင်းကြားပေးမည်ဖြစ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ သံတွဲမြို့၏ အရှေ့မြောက်ဘက်(၁၂)မိုင်ခန့်အကွာ၊ သူဌေးရေအားလျှပ်စစ်စီမံကိန်း၏ Secant Pile/Diaphragm Wall လုပ်ငန်းအတွက် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။
၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၂၁-၁၀-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ
Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍တင်သွင်းရမည့်ရက် - ၇-၁၁-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ
၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များအား Price Proposal တင်သွင်းရန် ဌာနမှ အကြောင်းကြားပေးမည်ဖြစ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**



# Fashion Euphoria (Junction Square) သီတင်းကျွတ်အထူးဈေးရောင်းပွဲ

၁၂-၁၀-၂၀၁၃ရက်(စနေနေ့)မှ ၁၄-၁၀-၂၀၁၃ရက် (တနင်္လာနေ့)အထိ Fashion Euphoria (Junction Square) ၏ သီတင်းကျွတ်အထူးဈေးရောင်းပွဲတွင် လူကြီးမိဘများ၊ ဆရာသမားများအား သီတင်းကျွတ်ဂါရဝပြုကန်တော့ရန်နှင့် မိတ်ဆွေများအား လက်ဆောင်အဖြစ်ပေးရန်အတွက် ဆန်းသစ်လှပသော ပွဲထိုင်ဇာအမျိုးမျိုးကို အရောင်အသွေး လိုက်ဖက်ညီသော ပိုးထည်များနှင့် တွဲဖက်ပြီးလည်းကောင်း၊ Fashion Euphoria မှ ဖန်တီးတီထွင်ထုတ်လုပ်ထားသော ကွန်ပျူတာပန်းထိုး၊ ချိတ်ဒီဇိုင်း၊ ပန်းဒီဇိုင်းများကိုလည်းကောင်း ၃၀%မှ ၇၀ %ထိ အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်များအား လေးစားချစ်ခင်စွာဖြင့် သတင်းကောင်းပါးအပ်ပါသည်။

**Fashion Euphoria (Junction Square)**

**ဖုန်း-၀၉ ၅၁၀၅၄၇၁၊ ၀၉ ၄၇၀၃၁၅၂၀**

အန့်ကွက်နိုင်ပါသည်

**ဧမ္မာစေနမင်္ဂလာဆုတောင်းလွှာ**

ပန်းခင်းများအသင်္ချေ့ပွင့်ဖူးသော ဆရာဦးမျိုးမြင့် (M.D) (M.K.T Construction Co.,Ltd) ၏(၁၁.၁၀.၂၀၁၃)နေ့တွင် ကျရောက်သော မင်္ဂလာရှိသည့် မွေးနေ့ရက်မြတ်မှသည် နေ့စဉ်နှင့်အမျှ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း ... အောင်မြင်မှုများစွာ ဆက်လက်ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

ရုံးချုပ်မှဝန်ထမ်းများ

**M.K.T Construction Co.,Ltd**

AMERICAN COLLEGE PROGRAM

YANGON SEMINAR

